# ကွန်မြူနစ်အရေးတော်ပုံ

အမှတ် (၃) မတ်၊ ၂၀၀၄ ခုနှစ်။


## မာတိကာ


* အန္တရာယ်တော့ နီးနေပြီ ...... ၁

* ရဲဘော်သို့ပေးစာ ...... ၂

* ရခိုင်ပြည်ချစ်ဝါဒီရဲဘော်များသို့ ရဲဘော်ကျော်မြ၏ ပန်ကြားလွှာ ...... ၅

* ဗမခ (ဟောင်း) ကျော်ဇောနှင့် ဘီဘီစီ အမေးအဖြေ ...... ၈

* ဗိုလ်သန်းရွှေဦးစီးသော စစ်အာဏာရှင်အစိုးရ၏ ခြေလှမ်းများ ...... ၉

* သမိုင်းသစ်ကို ဝင်ရောက်ရေးသားကြ ...... ၁၃

* ဖိလစ်ပိုင်ကွန်မြူနစ်ပါတီသစ် ...... ၁၆


## အန္တရာယ်တော့နီးနေပြီ

မလိမ့်တပတ် အမျိုးသားညီလာခံဆိုတာကြီးကဖြင့် စတင်စက်နိုးနေပါပြီ။ လျှို့ဝှက်သဲဖိုဇာတ်လမ်းလို နအဖ က နိုင်ငံရေးမြှုပ်ကွက်များနှင့် လုပ်ဆောင်နေတာ တွေ့ရသည်။ စစ်အုပ်စု၏ ထာဝရအကျိုးစီးပွားနှင့် ပြည်သူများ၏ အကျိုးစီးပွား ထိပ်တိုက်တွေ့မှာကဖြင့် သေချာသည်။

ကိုယ်တွက်မကျန်လျှင် 'အမှု' တောင် ပေးဝေချင်စိတ်မရှိသည့် စစ်အုပ်စုအနေနှင့် ကိုယ်တွက်ကျန်အောင် လုပ်ပါလိမ့်မည်။ မကျန်လျှင်ကော –

နအဖ က စစ်တပ်ကြီးကို ကိုင်ထားသည်။ လူငယ်ခြေတက် စစ်အုပ်စု စတုတ္ထမျိုးဆက်ကလည်း "ဒီတခါ တို့အလှည့်ပဲ" ဆိုပြီး လုပ်ရှားရန် အဆင်သင့် –

ဗိုလ်ခင်ညွန့်ကို အမြင့်တင်ထားပြီး ကြိုးတန်းလျှောက်ခိုင်းထားချိန်၊ "မင်းကြိုက်သလိုလုပ် – ကိုယ်တွက်မကျန်ရင် မင်းကဏ္ဍပြီးပြီ" ဆိုတဲ့သဘော –

ဒါ့ကြောင့်လဲ ထောက်လှမ်းရေးနည်းနာ အမြောက်အမြားဖြင့် အစွမ်းကုန်ဥာဏ်နီဥာဏ်နက်တွေ ထုတ်သုံးလာတာ တွေ့ရသည်။

– 'ငြိမ်း' အဖွဲ့တွေကို မက်လုံးအသီးသီးပေးထားသည်။ မရေရာသော ကတိစကားများ တရားမဝင် ပြောနေသည်။ တဖွဲ့ကို တမျိုးပြောနေသည်။ ၁၀၄ ချက် ပြန်မကိုင်တော့ပါဘူး။ လွတ်လွတ်လပ်လပ် ပြောခွင့်ပြုမှာပါ ... စသည်

– ပြည်သူများထံ ထုတ်ပြန်ရာမှာတော့ နိုင်ငံရေးလမ်းပြမြေပုံကို ထောက်ခံကြပြီ၊ အမျိုးသားညီလာခံကို ကြိုဆိုကြသည် ... ဆိုတာမျိုး

– သူတို့ထုတ်ပြန်လို့မှ မင်မခြောက်သေး 'ကျွန်တော်တို့ပြောခဲ့တာ ဒီသဘောမျိုး မဟုတ်ပါဘူး' လို့ ငြင်းချက်ထုတ်ကြသည့် အဖွဲ့အစည်းတွေကလည်း များသည်ထက် များလာသည်။

သူတို့လိုချင်တာ မရလို့ ထပ်ကျော့အာဏာသိမ်းကြလျှင် ပြောပါလိမ့်မည်။

"ကျုပ်တို့ ဒီလောက်လိုက်လျောထားတာပဲ"

"မဖြစ်နိုင်တာတွေ တောင်းနေကြတာကိုး"

**NLD** ကိုကျတော့ ...

"ကျုပ်တို့ ဖိတ်ခေါ်တာပဲ၊ လာမှ မလာပဲ" စသည့်စကား ခင်းထားတွေ အများကြီး –

ဒီတခါ အာဏာသိမ်းလျှင် ၆၂ – ခုနှစ်က အကြောင်းပြခဲ့သည့် "နိုင်ငံတွင် ယိုယွင်းလာသည့် အခြေအနေဆိုးများကို အချိန်မီ ထိန်းသိမ်းနိုင်ရန်" ဆိုသည်ကိုပဲ သုံးမလား။

– ၁၉၈၈ ကာလ နဝတ သုံးခဲ့တဲ့ "တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး" ပဲ အကြောင်းပြမလား။

– ယခု နအဖ သုံးနေဆဲ "ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" စသည့် အရေးသုံးပါးပဲ ဆက်သုံးမလား။

– တခြားအကြောင်းပြချက်တွေ ဖန်တီးရှာဖွေပြီး သုံးမလား ... မပြောနိုင်

လမ်းပြမြေပုံကို မဖျက်နိုင်လျှင်၊ စစ်အုပ်စု အာဏာတည်မြဲနေလျှင် အမြဲဖိမ်းခြောက်ခံနေရသည့် အန္တရာယ်တွေ ရှိမြဲရှိနေမှာပါ။

# ရဲဘော်သို့ပေးစာ

'ရဲဘော် – သို့ပေးစာ' များကို မျိုးဆက်ဟောင်းရဲဘော်တဦးက နံပါတ်စဉ်တိုးပြီး ရေးလိမ့်မည်။ ၁၉၈၈ ပါတီအရေးနိမ့်မှုကြီးကြောင့် ဟိုတကွဲဒီတကွဲ ခွဲခွာခဲ့ရသော ရဲဘော်များသို့ သူ၏ပုဂ္ဂလိက တွေးခေါ်စဉ်းစားချက်ကို တင်ပြခြင်းဖြစ်သည်။ 'ဒီပဲယင်း' ဖြစ်ပြီးနောက် ဗမာပြည်နိုင်ငံရေးတွင် အပြောင်းအလဲတွေရှိသည်။ ကုယ်ကျယ်တမျိုး တိုးကိုးတဖုံ အတွေးအခေါ် ခေါင်းဆောင်မှု ပေးနေတာတွေ ကြားနေရသည်။ ထို့ကြောင့် 'ဒီလိုလည်း စဉ်းစားကြည့်ပါလား' ဟု ရဲဘော်များသို့ ပေးစာသဏ္ဍာန်ဖြင့် သူ့အတွေးအခေါ်ကို တင်ပြခြင်းဖြစ်သည်။ 'ဦးနှောက်ကို စက်နှိုးပေးခြင်းမျှသာ'။

(စာတည်းအဖွဲ့)

## ရဲဘော်သို့ပေးစာ (၁)

(၁) 'ဒီပဲယင်း'အပြီးမှာ NLD အပေါ် အကြမ်းကိုင်တာနဲ့ရောပြီး "ငြိမ်း" အဖွဲ့တွေ အထူးသဖြင့် တရုတ်နယ်စပ်ကအဖွဲ့တွေကို လက်နက်စွန့်နိုင်းဖို့ စစ်အုပ်စုက သွေးတိုးစမ်းခဲ့တယ်။

NLD နဲ့ပူးပေါင်းတာမလုပ်ဖို့ ဗကပနဲ့လည်း ပြန်ပြီးမဆက်သွယ်ဖို့ သတိပေးခဲ့တယ်။ အကြောင်းတွေ အမျိုးမျိုးပြပြီးတော့လည်း ငွေတွေ ပေးခဲ့တယ်။ သူတို့စဉ်းစားချက်က တပြည်လုံး မီးသေသွားအောင် အကြမ်းကိုင်ဖို့ပဲ။ ၁၉၈၈ 'အာဏာသိမ်း' စက လုပ်တာမျိုးလုပ်ဖို့ ဖြစ်တယ်။ ဒီတခါတော့ ဗိုလ်ခင်ညွန့်ကို တာဝန်ပေးချင်ပုံ မရဘူး။

ဒါပေမဲ့ မလုပ်ဖြစ်ဘူး။ ဘာကြောင့်လဲ။ (၂) 'ဒီပဲယင်း' ဖြစ်ပြီးပြီးချင်း ပါတီက ဒီပဲယင်း တရားခံကို လက်စားချေရမယ်လို့ ထုတ်ပြန်ခဲ့တယ်။ အထူးသဖြင့် ဒီပဲယင်းတဝိုက်က လူထုအတွက် လက်စားချေပွဲလုပ်ရမယ်လို့ ပြောခဲ့တယ်။ (အဲဒီက လူထုဟာ ၁၉၅၈ မတိုင်မီက ပါတီရဲ့အခြေခံ ဖြစ်ခဲ့ဖူးတယ်)

ဒီတော့ စစ်အုပ်စုက မုံရွာမှာ ဗုံးခွဲတယ်။ ပြီးတော့ ဗုံးခွဲတာ ဗကပ လို့ စွပ်စွဲတယ်။ 'ဗကပ ပြန်လှုပ်ရှားလာနေတယ် ဇ ရှိသူတွေကို စောင့်ကြည့်' လို့ လျှို့ဝှက်ညွှန်ကြားတယ်။ ဒါက မုံရွာ ဗုံးခွဲမှုကို အကြောင်းပြပြီး မုံရွာလူထုကို နှိမ်နင်းဖို့ ကြံတာပါ။ ဒါပေမဲ့ ပွင့်ကျသွားတယ်။ ဗကပ ဗုံးခွဲတာ မဟုတ်ဘူးဆိုတာ အားလုံးသိတယ်။ မုံရွာလူထုကတော့ ဗုံးခွဲတာ 'စစ်မှ စစ်'၊ ဗုံးခွဲတဲ့လူကလည်း 'ရဲမှ ရဲ' လို့ ပြောကြတယ်။ ပညာရှင်တွေထွက်တဲ့ ဒေသက လူထုက ပညာရှင်ဆန်ဆန် ပြောလိုက်တာပါ။ စစ်သားနဲ့ ရဲသား ခွဲတာပဲလို့ ဖွင့်ချလိုက်တာပါ။

ပြည်တွင်းလူထုက 'ဒီပဲယင်း' ကြောင့် အံ့ကြွမလာပါဘူး။ ဒါပေမဲ့ မထင်တဲ့ဘက်က အံ့ကြတယ်။ ASEAN က အတော်ကို မကျေမချမ်းဖြစ်တယ်။ သမီးအမှန်းတင်နေတုန်း ယောင်းမ မြင်းစီးထွက်လာလို့ပဲ။ 'အာဆီယံက ထုတ်ပစ်ရမယ်' 'ဒေါ်အောင်ဆန်းစုကြည်အမြန်လွှတ်' ဆိုတာတွေ ပြောလာကြတယ်။ အမေရိကန်က ဒါမျိုးစောင့်နေတာနဲ့ အံကိုက်ပဲ။ ဒဏ်ခတ်တယ်။ ဥပဒေပြုတယ်။ ဂျပန်ကတော့ အသာနောက်တွန့်သွားတယ်။ တရုတ်က သူ့ထုံးစံအတိုင်း ဒီမိုကရေစီ ပြုပြင်ရေးကို အကြမ်းဖက်တားဆီးလို့မရနိုင်ဘူးလို့ တိုးတိုးတိတ်တိတ် ဖျောင်းဖျတယ်။ အိန္ဒိယက အရှေ့မျှော်လမ်းစဉ်လုပ်တယ်၊ သူ့နည်းကတမျိုး။

အဲဒီလို အိမ်နီးချင်းတွေကပါ ချဉ်းကပ် – ဖျောင်းဖျ – အကျပ်ကိုင်လာတော့ စစ်အုပ်စုဟာ မတက်သာဘဲ နောက်ဆုတ်သွားတယ်။

(၃) ဒါပေမဲ့ လွယ်လွယ်တော့ 'မှားပါတယ်' လို့ ဝန်မခံဘူး။ သူလုပ်နေကျနည်းအတိုင်း ဆုတ်မှန်းမသိ ဆုတ်တယ်။ လူထုက နင်းလိုက်လာမှာ ကြောက်လို့ပဲ။

အဲဒီလိုနဲ့ ဗိုလ်ခင်ညွန့်တစခန်းထလာတယ်။ သူက ၁၉၈၈ တုန်းက အာဏာသိမ်းပွဲကိုရှေ့ဆောင်တဲ့ ကာကွယ်တဲ့ 'သူရဲကောင်း'။ ဗိုလ်သန်းရွှေ နံပါတ်ဝမ်းဖြစ်ကတည်းက သူ့ကို မလိုချင်ဘူး။ (နေဝင်းက ထလာရမှုကို လိုတုန်းသုံး။ မလိုတော့ ပယ်တာမျိုး)

'ဒီပဲယင်း' ပြီးစက ကောလာဟလဆန်တဲ့သတင်းတွေ ပါတီက ရတယ်။ သတင်းမှန်လား – ကောလာဟလလား – ကောလာဟလဆန်တဲ့သတင်းလား – ဘယ်လိုမှ စစ်ဆေးကြည့်လို့မရနိုင်ဘူး။

ပထမဆုံးရတာက ဗိုလ်ခင်ညွန့် အနားယူတော့မယ်ဆိုတဲ့ သတင်းဖြစ်တယ်။ "ငြိမ်းအဖွဲ့" ခေါင်းဆောင်တွေ အတော်တုန်လှုပ်ကြတယ်။ သူတို့ရဲ့ 'ခေါင်းကိုင်ဖခင်' မရှိရင်ဒုက္ခပဲလို့ တွေးကြတယ်။ တော်တော်ရုတ်ရုတ်သဲသဲဖြစ်တယ်။ စုမိဆောင်းမိ (ဗမာပြည်မှာချည်းမဟုတ် ပြည်ပမှာပါ) စီးပွားရေးအခြေခံရနေတဲ့သူကတော့ အပန်းမကြီးဘူး။ လော်စစ်ဟန်၊ ခွန်ဆာလမ်းလိုက်ဖို့ စဉ်းစားတယ်။ ဒါပေမဲ့ အောက်ခြေထုကတော့ ပြန်တိုက်မယ် လက်နက်တော့ မချနိုင်ဘူးလို့ ပြောတယ်။ ထု စဉ်းစားတာ မှန်တယ်။ လက်နက်မရှိရင် နိုင်ငံရေးအဆင့်နေရာ မရှိနိုင်ဘူး။ နိုင်ငံရေးအဆင့်နေရာမရှိရင်လည်း ဘာမှမတည်မြဲနိုင်ဘူး။

လော်စစ်ဟန်၊ ခွန်ဆာ ဆိုတာ ကျဈေရာ 'နိုင်ငံရေးအဆင့် – နိုင်ငံရေးသြဇာ' ဘယ်တုန်းကမှ မရှိသူတွေ ဖြစ်တယ်၊ စလာတုန်းက 'ဘိန်းချသူ'။ နောက် စစ်အုပ်စုကျေးဇူးကြောင့် 'ဘိန်းရာဇာ' ဖြစ်လာသူတွေပဲ။ ဗိုလ်မောင်အေးက (တပ်ကို ကိုင်တိုက်နေသူတွေက) ဗိုလ်ခင်ညွန့် ပေါ်လစီကို တန်ပြန်ဖို့လုပ်တဲ့ 'လက်နက်နဲ့ ငြိမ်းချမ်းရေး လဲတယ်' ဆိုတဲ့ ပေါ်လစီအရ လက်နက်ချသူတွေပဲ။ ဘိန်းချသူကနေ – ဘိန်းရာဇာကနေ – ကုမ္ပဏီဥက္ကဋ္ဌ ပြောင်းသွားလို့ ရတယ်။ ကျဈေရာ ဘာနိုင်ငံရေးသြဇာမှ မရှိဘူး။ ကျွန်တော်တို့ ရဲဘော်တွေ၊ မိတ်ဆွေတွေက နိုင်ငံရေးအခြေခံက လာသူတွေပဲ။ နောင်မှ ဘာပြောင်းချင်ပြောင်းမယ်။ ဒီဇာက နိုင်ငံရေးသမား။ ဒါကြောင့် ကျဈေရာ သြဇာတွေ တပုံကြီးရှိတယ်။

ဗိုလ်ခင်ညွန့် ပေါ်လစီက တနေ့မှာ နိုင်ငံရေးဆွေးနွေးမယ်၊ စောင့်ပါ။ အခုတော့ လက်နက်ကိုင်ထားဦး။ ကိုယ့်နယ်ကိုယ် အုပ်ချုပ်ဦး၊ စီးပွားရေး လုပ်နေကြဆိုတဲ့ မျှဉ်းသက်ရေးပေါ်လစီ။

ဗိုလ်မောင်အေးတို့ကတော့ ချက်ချင်း သတ်ရေးပေါ်လစီ ဖြစ်တယ်။ ဒါကလည်း သူတို့ ရပ်တည်ချက်ချင်း မတူကြလို့ မဟုတ်ဘူး။ ဗမာ စစ်အုပ်စု ရပ်တည်ချက်ချင်း တူကြတယ်။ လုပ်ငန်းချင်း မတူလို့ ပေါ်လစီ တမျိုးစီ ဖြစ်နေတာပဲ။ တိုက်ခိုက်ရေးတပ်ကြီးတွေကိုင်ထား၊ စစ်ဆင်ရေးကြီးတွေလုပ်၊ ငွေတွေကုဒေရှိုသုံးပြီး အပြုတ်တိုက်ရေးလုပ်နေသူက မြန်မြန်နိုင်ချင်တယ်၊ အပြတ်နိုင်ချင်တယ်။ ဒါမှ သူတို့ 'ဂုဏ်တက်မှာ'။

ထလရ ကတော့ ပရိယာယ်တွေ၊ မာယာတွေ၊ လှည့်ဖြားတာတွေ၊ လှမ့်တာတွေ၊ ဆုချတာတွေ လုပ်ရတဲ့လုပ်ငန်း ဖြစ်တယ်။ ဒါကြောင့် မျှဉ်းသတ်ရေးပဲ။

၁၉၈၉ ဗကပ အရေးနိမ့်တော့ ထလရ ပေါ်လစီ အသာစီးရသွားတယ်။ ထလရ သမားက ကြွားတယ်။ မင်းတို့က တပ်ကြီးတွေသုံး ငွေတွေ ဖြုန်းလုပ်လိုက်တာ သံလွင်မြစ် ကျော်နိုင်ရုံပဲရှိတယ်။ တို့က ငွေကလေးနည်းနည်းသုံးပြီး ပရိယာယ်နဲ့ လုပ်လိုက်တာ ရဟတ်ယာဉ်စီးပြီး ပန်ဆန်းကို ရောက်ပြီလို့ ကြွားတယ်။

'ဒီပဲယင်း' ကလည်း ပေါ်လစီ ၂ ခုရဲ့ ပြိုင်ပွဲလို့ ယူဆနိုင်တယ်။ စစ်အုပ်စု ခွေးကျ ကျမလို ဖြစ်သွားလို့ မတတ်သာတဲ့ ဗိုလ်ခင်ညွန့်ကို လည်း သလိုသာ ကြည့်လုပ်ပေတော့ဆိုပြီး လုပ်ခိုင်းရတာ ဖြစ်တယ်။

(၄) 'ဒီပဲယင်း' ပြီးစ ပါတီက ရတဲ့ ကောလာဟလ ဆန်တဲ့သတင်းက ဒေါ်အောင်ဆန်းစုကြည်ကို ဒီပဲယင်းသတ်ကွင်းမှာ အပြတ်ရှင်းဖို့ လုပ်ကြတာကို ထောက်လှမ်းရေးက ဝင်ကယ်လိုက်ရတယ် ဆိုတဲ့ သတင်းပဲ။

ရေဦးကို တကိုယ်တော်ရောက်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လူသတ်ကွင်း (ဒီပဲယင်း ရေဦးဒေသ) ကနေ ရန်ကုန်အရောက် ထုတ်သွားနိုင်တာကို ပြောတာပဲဖြစ်မယ်။

'ရှန်းရှင်းဆန်ခေတ် ဖြစ်တဲ့ထဲမှာ ဒေါ်အောင်ဆန်းစုကြည် သေသွားပြီ' ဆိုပြီး ရောဖျောက်လိုက်လို့ ရတာကို ကျွန်တော်တို့ တွက်မိတယ်။ ပါတီက ဒါမျိုးခံရပေါင်းများပြီ၊

ဒါကြောင့် 'ကယ်ထုတ်' လိုက်တယ် ဆိုတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဗိုလ် သန်းရွှေ ခေါင်းမညိတ်တဲ့ ဗိုလ်ခင်ညွန့် မလုပ်နိုင်ဘူး။ သတင်းစာမှာ ထုတ်ပြန်တာကြည့်ရင် သူတို့ အားလုံး သဘောတူလို့ပဲဖြစ်မယ်လို့ တွက်ရတယ်။

သတင်းစာမှာက ဒေါ်အောင်ဆန်း စုကြည်ကို အန္တရာယ်က ကာကွယ်ပေးဖို့ ထိန်းသိမ်းထားတာပါလို့ ဆိုတယ်။ ဘယ်သူ့ အန္တရာယ်လဲ ဆိုတာတော့ မပြောဘူး။

(၅) ထလရ ဆိုတာ လှည့်ကွက်သမားပဲ။ တုံးတိုက် ကျားကိုက် ဒုန်းသမားမဟုတ်ဘူး။ လမ်းပြမြေပုံ **(RM)** တွေ၊ အမျိုးသားညီလာခံ **NC** တွေ အဲဒါတွေဟာ ဗိုလ်ခင်ညွန့်ကျွမ်းကျင်တဲ့ အလုပ်တွေပဲ။

သူ ဝန်ကြီးချုပ်ဖြစ်ပြီးစ ရက်ပိုင်း အတွင်းမှာ သူကလွှတ်လိုက်လို့ဆိုပြီး လူဝတ်လဲ ထားတဲ့ ထောက်လှမ်းရေး လူလတ်ပိုင်း ၂ ဦး 'ငြိမ်းချမ်းရေးအကျိုးဆောင်' ဆိုပြီး ရောက်လာ တယ်။ 'လူကြီးချင်းဆွေးနွေးဖို့' အကျိုးဆောင် တာပါဆိုပဲ။

ပါတီက 'ငြိမ်း' ကိစ္စ ဆွေးနွေးစရာမရှိ။ တိုင်းရေးပြည်ရေး ဆွေးနွေးကြဖို့လို့ ပြောလိုက်လို့ ပြန်မလာတော့ဘူး။ ကိစ္စက တန်းလန်းပဲ။ သဘောလုံးက သူ့ဘက်ခြမ်းမှာပါ။ သူ တုံ့ပြန်တာကို ပါတီက စောင့်နေတယ်။ နှစ်နဲ့ချီ စောင့်နိုင်ပါတယ်။

ဒီတခါ ဒီလောက်ပဲ။ ရေးစရာတွေ အများကြီးရှိသေးတယ်။ ပြီးတော့ လုပ်စရာတွေ ကလည်း တပုံကြီး။

လေးစားလျက်

**********************************************

## ရဲဘော်သို့ပေးစာ (၂)

ရဲဘော်သို့ပေးစာ။

၁။ ၁၉၄၈ပြည်တွင်းစစ်မှ ကောင်းကောင်း မရပ်သေးဘူး နောက်ထပ်ပြည်တွင်းစစ်တခုအတွက် တာစုနေပြန်ပြီ။ အချိန်ရှိခိုက် တားချင်တား၊ မတားနိုင်ရင် ပြည်တွင်းစစ်ဖန်တီးချင်သူရဲ့ အကွက်ထဲ ဝင်သွားနိုင်တယ်။

ဒီနေ့လို ကမ္ဘာ့အခြေအနေမှာ ပြည်တွင်းစစ်တခု ထပ်ပြီးမဖြစ်သင့်ဘူး။ ဖြစ်ရင် **LDC** စာရင်းဝင်နေတဲ့ဗမာပြည်ဟာ "ကျဆုံးတဲ့ နိုင်ငံ" အဖြစ် စုံးစုံးမြုပ်သွားမယ်။ ဒါကြောင့် ပြည်တွင်းစစ်မဖြစ်အောင် ပါတီက တားချင်တယ်။ "ကျဆုံးတဲ့နိုင်ငံ" ဖြစ်လည်း ကောင်းတာပဲလို့ ယူဆတဲ့အထဲ ပါတီမပါဘူး။

၂။ ပြည်တွင်းစစ်ဖန်တီးချင်သူ ဘယ်သူတွေလဲ။ ဒီကိစ္စကို အကျယ်ရေးချင်တယ်။ "စာမျက်နှာသစ် ဖွင့်လိုက်ပြီ" လို့ နအဖကပြောတော့ ကျွန်တော် လည်း မှိုင်းမိခံရသူထဲ ပါတယ်ဆိုတာ ဝန်ခံပါတယ်။

ဒါကြောင့် **NCGUB** ခေါင်းဆောင်တွေနဲ့ တွေ့တော့ "ခင်ဗျားတို့ အိမ်ပြန်ရတော့မယ်" လို့ ပြောမိတယ်။ **KNU** ခေါင်းဆောင်ကိုလည်း "ကျွန်တော်တို့ကတော့ ချန်နေရဦးမယ်" လို့ ပြောမိတယ်။

ကျွန်တော်ရဲ့ အလွန်အကျွံအကောင်းမြင်မှုနဲ့ စိတ်ကူးယဉ်မှု ပြေးပြိုကွဲတာက ဗိုလ်အောင်ကြီးရဲ့ အမေရိကန်ခရီးမှာ ဒေါ်တင်ထားဆွေ "ဗျူး" တာက စတယ်။ အဲဒီ "ဗျူး" မှာ ဗိုလ်အောင်ကြီးက "နေဝင်းကို အာဏာကုန်အပ်" လို့ ပြောတယ်။ "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့" ဆိုတာကို ကာကွယ်ထားတယ်။ တဖက်ကလည်း နအဖကြောင့် "တပ်မတော်ပြိုကွဲနေပြီ" လို့ ပြောတယ်။

တပ်မတော်နဲ့ပတ်သက်ပြီး သူပြောတာ ရဲ့ အပုံတရာပုံတပုံ **DASSK** ပြောကြည့် ဘာဖြစ်သွားမလဲ၊ ဗိုလ်အောင်ကြီးကတော့ ဘာမှ မဖြစ်ဘူး။ နအဖက ခွင့်လွှတ်တယ်။ ဘာကြောင့်လဲ။ မသင်္ကာစရာပဲ။

ဒါကြောင့် အောင်ကြီးလှည့်ကွက်က ဘာလဲ။ သူ့ကို ဘယ်သူလွှတ်သလဲ။ ဘာကြောင့် ဒီလို ပြောသလဲဆိုတာ သတင်းလိုက်ကြည့်တော့ နေဝင်း ရဲ့ခြေလှမ်း တစွန်းတစသိလာတယ်။ နေဝင်းရဲ့ အကြံသာ အောင်ရင် **DASSK** အတွက် အန္တရာယ်ပဲလို့ တွက်မိတယ်။ (အိမ်ချုပ်ချခံထား ရသူကို လူအုပ်ကြောက်ပေးပြီး ရှင်းပစ်ဖို့လွယ်တယ်။ ဒါမျိုးမှာ နေဝင်းက လက်ယဉ်တယ်။) ဒါကြောင့် **NCGUB** ခေါင်းဆောင်ဆီသို့ **DASSK** ကို ကာကွယ်ဖို့နည်းလမ်း အကြံပေးခဲ့တယ်။

သိပ်မကြာခင်မှာတော့ သန်းရွှေက နေဝင်းကို အမှုဆင်ပြီး အရေးယူတယ်။ **DASSK**

လည်း တစုံတရာလှုပ်ရှားခွင့် ရလာတယ်။ အဲဒီကျမှ နည်းနည်းစိတ်အေးရတယ်။ စေ့စပ်ဆွေးနွေးရေးပဲ ဖြစ်တော့မလိုလို (UN) ကုလသမဂ္ဂကိုယ်စားလှယ်က ပြောလာတယ်၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်တော့မလိုလို ကြားရတယ်။ ဒီတခါတော့ ကျွန်တော်လှည့်ကွက်မှိုင်း မမိဘူး။ "DASSK ကို ဘယ်တော့မှ အာဏာမလွှဲဘူး။ မစေ့စပ်ဘူး။" ဆိုတဲ့အသံကိုလည်း ကြားရတယ်။ မကြာဘူး 'ဒီပဲယင်း' ဖြစ်တော့တာပဲ။ ဒါကြောင့် မစေ့စပ်ရေးဂိုဏ်း၊ အာဏာကိုတွယ်ကပ်နေရေးဂိုဏ်းကို 'ဒီပဲယင်းဂိုဏ်း' လို့ နာမည်ပေးလိုက်တာပါ။ (ဒီပဲယင်းလူထု ခွင့်လွှတ်ပါ။)

'ဒီပဲယင်း'ကြောင့် ပျက်ပြားသွားတဲ့ NLD,SPDC ယုံကြည်မှု (ရင်ကြားစေ့) ကို အဖတ်ဆယ်ဖို့ ပါတီက ကြိုးစားခဲ့တယ်။ အခုအထိလည်း ဆက်ပြီးကြိုးစားနေဆဲပါပဲ။ တပ်မတော်ထဲမှာ 'ဒီပဲယင်း'ကို ဖန်တီးလိုက်တဲ့ 'ဒီပဲယင်းဂိုဏ်း'သာ ရှိတာ မဟုတ်ဘူး။ တိုင်းချစ်ပြည်ချစ်တပ်မတော်သားတွေလည်း ရှိနေတယ်လို့ ယုံကြည်တယ်။ သူတို့က ပြည်တွင်းစစ်ဖြစ်မှာကို တားဆီးကြလိမ့်မယ်လို့ မျှော်လင့်နေဆဲပါပဲ။

စေ့စပ်ဆွေးနွေးရေး တံခါးကို 'ဒီပဲယင်းဂိုဏ်း' က ဘယ်လိုပဲ ပိတ်ပစ်ချင်ဦး၊ ကျွန်တော်တို့ဘက်က တံခါးကို ယတိပြတ်ပိတ်ပစ်တာ မလုပ်သင့်ဘူးလို့ သဘောရပါတယ်။ ဒါကြောင့်ပဲ အပျော့ပျောင်းဆုံးနည်းနာတွေကိုရွေးပြီး ပါတီက တင်ပြနေတာ ဖြစ်တယ်။

ဗမာပြည်ဟာ မိခင်တိုင်းပြည်ပါ။ ဘယ်သူတွေမှ ဗမာပြည်သူပြည်သားလောက် ဗမာပြည်ကို ချစ်ကြမှာမဟုတ်ပါ။ သူတို့အကျိုးဦးထိပ်ထားပြီး ဗမာပြည်အရေးကို ပြောချင်ပြောပါလိမ့်မယ်။ တနှစ်မှာ တမနက်လောက်ပဲ ဗမာပြည်အရေး စိတ်ဝင်စားကြတာပါ။ ကျွန်တော်တို့ကတော့ မိနစ်တိုင်းစက္ကန့်တိုင်း ဗမာပြည်အရေးတွေးကြရပါမယ်၊ ပြည်ပသားက ဗမာပြည်အရေးကို သူတို့အကျိုးရှိတုန်း ပြောချင် ပြောမယ်။ ပြောမရလည်း ဥပေက္ခာနေမယ်။ နောက်ဆုံးတော့ ကုလားစာရင်းထဲ လွယ်လွယ်လေး သွင်းပေးလိုက်ကြမှာပါ။ ကျွန်တော်တို့က မသွင်း နိုင်ပါ။ ဒါကြောင့်လည်း ထွက်ပေါက်ရရာရကြောင်း အပျော့ပျောင်းဆုံးကို ရွေးပြီးပြောနေတာပါပဲ။

၃။ ဗိုလ်ခင်ညွန့်က UWSA ပေါက်ယိုချန်ရဲ့ လျှာပေါ် တင်ပေးလိုက်တဲ့စကား "DASSK သာ အာဏာရရင် ပြည်တွင်းစစ်ဖြစ်မယ်" ဆိုတဲ့ စကားကို ပေါ့ပေါ့တွက်လို့ မဖြစ်ပါ။ KNU နဲ့ စကားပြောအပြီးမှာ ထုတ်ပြန်တဲ့ SPDC ရဲ့ ထုတ်ပြန်ချက်ကိုလည်း ပေါ့ပေါ့တွက်လို့ မရပါ။ အဲဒီထဲမှာ ဗိုလ်ခင်ညွန့်ရဲ့လှည့်ကွက် ပါနေတယ်။

NLD နဲ့ SPDC ကြားမှာ တတိယ အင်အားစုတခု ဗိုလ်ခင်ညွန့်ဖန်တီးချင်နေတာ ထင်ရှားတယ်။ အဲဒီအင်အားစုအဖြစ် 'ငြိမ်း' အင်အားစုတွေကို စည်းရုံးနေတာ ဖြစ်ပါတယ်။ ၄။ ဗမာပြည်လို တိုင်းပြည်မျိုးမှာ ပြည်လုံးဆိုင်ရာ နိုင်ငံရေးအင်အားစုချင်း ထိပ်တိုက်တွေ့မှ နိုင်ငံရေးအကျပ်အတည်းဖြစ်မှ ပြည်တွင်းစစ်ဖြစ်တာပါ။ ဒေသန္တရအင်အားစုကြောင့် ပြည်တွင်းစစ် မဖြစ်နိုင်ပါဘူး။

ဗကပ၊ ဖဆပလ ထိပ်တိုက်တွေ့ပြီး နိုင်ငံရေးအကျပ်အတည်းဖြစ်လို့၁၉၄၈ တုန်းက ပြည်တွင်းစစ် ဖြစ်တာပါ။ နောက်မှ ဒေသန္တရအင်အားစုတွေက ပြည်တွင်းစစ်ထဲ ပါလာကြတာပါ။

အဲဒီတုန်းက ဖဆပလ က အခွင့်သာခိုက် ကွန်မြူနစ်ကို အပြတ်ရှင်းလိုက်မယ်ဆိုပြီး အပြတ်ချတာပါ။ ဗကပ ကလည်း "ထိရင်ချမယ်" ဆိုတဲ့သဘောထား ရှိနေတယ်၊ ပြည်တွင်းစစ် မရှောင်မလွှဲသာ ဖြစ်ရပါတယ်။ ပြည်တွင်းစစ်ကြောင့် နေဝင်းစစ်အုပ်စုဟာ အာဏာဇာတ်ခုံပေါ် ရောက်လာတာပါ။ ၁၉၆၂ မှာ အာဏာပိုင်ဖြစ်လာတယ်၊ ပြည်တွင်းစစ်ကြောင့် ဖဆပလ အစိုးရသာ အနှစ် ၄၀ အာဏာမြဲပေမယ့် စစ်အုပ်စုကတော့ အနှစ် ၄၀ ကျော် အာဏာမြဲနေပါတယ်။

အခု NLD နဲ့ SPDC ထိပ်တိုက်တွေ့နေရပြီ၊ နိုင်ငံရေးအကျပ်အတည်းလည်း ရှိပါတယ်။ ဒါပေမဲ့ ဗကပ – ဖဆပလ ထိပ်တိုက်တွေ့ပုံမျိုး မဟုတ်ပါ။ NLD က "အကြမ်းမဖက်ရေး"ကို ကိုင်ထားတာပါ။ "ထိရင် ချမယ်" ဆိုတဲ့ သဘောထား သူ့မှာ မရှိပါဘူး။ ဒါကြောင့် ပြည်တွင်းစစ်အတွက် ရေခံမြေခံ မရှိပါဘူး။

စစ်အုပ်စုထဲက "ဒီပဲယင်းဂိုဏ်း"ဟာ ပြည်တွင်းစစ်ဖြစ်စေမယ့် အဓိကအကြောင်းအချက်ပါပဲ။ ဗိုလ်ခင်ညွန့်ဟာ "ဒီပဲယင်းဂိုဏ်း"ကလည်း သူ့အပေါ် မငြိုငြင်အောင်၊ ဒီပဲယင်းကြောင့် ဖြစ်လာတဲ့ ဆိုးကျိုးတွေလည်း ပြည်တွင်းပြည်ပမှာ လျော့ပါးသွားအောင် လည်သလိုကြံဖန်လုပ်နေတာလို့ ကျွန်တော်ယူဆပါတယ်။

'ပေါက်' ရဲ့လျှာပေါ် တင်ပေးလိုက်တဲ့ ဗိုလ်ခင်ညွန့်စကားကို ခွဲခြမ်းစိတ်ဖြာကြည့်ပါ။ 'ပေါက်'ဟာ ဗကပခွဲထွက် ဖြစ်တယ်။ တရုတ်ပြည်ကို ကျောထောက်နောက်ခံလုပ်ထားရသူဖြစ်တယ်၊ ငြိမ်းအဖွဲ့တွေ အားလုံးထဲမှာ သူက အားအကြီးဆုံး ဖြစ်နေတာကလည်း တရုတ်ဗမာ ၂ ပါတီရဲ့ ကျေးဇူးကြောင့် ဖြစ်နေတာပဲ။ သူပြောတဲ့ "DASSK အာဏာရရင် ပြည်တွင်းစစ်ဖြစ်မယ်" ဆိုတာက သူတို့ UWSA က ပြည်တွင်းစစ် ဖန်တီးမယ်လို့ပြောတာ မဟုတ်ဘူး၊ ဖန်တီးနိုင်တဲ့ အကြောင်းအချက်နဲ့ စွမ်းအားလည်းသူ့မှာမရှိဘူး။

သူပြောတာက ဗိုလ်ခင်ညွန့် တိုးတိုးတိတ်တိတ်ရှင်းပြတဲ့စကားကို လက်ခံပြီး တဆင့်စကား ပြန်ပြောတာပဲ။ DASSK နဲ့ စေ့စပ်ပြီးတော့ DASSK အာဏာရသွားရင် "ဒီပဲယင်းဂိုဏ်း" က ကြည့်နေမှာ မဟုတ်ဘူး၊ ပြည်တွင်းစစ်ဖန်တီးလိမ့်မယ်ဆိုတဲ့ ဗိုလ်ခင်ညွန့် ရှင်းပြတာကို သံယောင်လိုက်ပြီးပြောတာ ဖြစ်တယ်။ ဗိုလ်ခင်ညွန့် UWSA ကို ပြောတာနဲ့ KIA ကို ပြောတာ မတူဘူး။ 'ဝ'နဲ့ ကချင်က နိုင်ငံရေးဖြတ်သန်းမှုချင်း မတူကြလို့ပဲ။ KIA ကိုတော့ NLD ကို SPDC နဲ့ လူမျိုးစုကြားက 'တတိယအင်အားစု' လို့ သဘောထားပြီး ပြော တယ်၊ NC ကို NLD မတက်လည်း KIA တက်ဖို့ "ခင်ဗျားတို့တင်ပြတာကို တခြားညီလာခံ တက်သူတွေ လက်ခံအောင် ပြောနိုင်ရင် ခင်ဗျားတို့ ပြောတာ အောင်မြင်နိုင်တယ်။ တက်ကြပါ။" လို့ပဲ ပြောတယ်၊ 'ဒီပဲယင်းဂိုဏ်း' အကြောင်း မပြောဘူး။ အဲဒီဂိုဏ်းက လူတွေ KIA ဆီ ရောက်ခဲ့ပြီး ဖြစ်လို့ မပြောတော့တာလည်း ဖြစ်နိုင်တယ်။ သူ့စကားပြောမှားလို့ မဖြစ်ဘူး။

'ဝ'နဲ့ ကချင် နိုင်ငံရေးဖြတ်သန်းမှုချင်း မတူဘူးဆိုတာက ၁၉၉၇ တုန်းက အခြေခံဥပဒေရေးဆွဲရေးမှာ 'ဝ'က "တို့နားမလည်ဘူး" ဆိုတာနဲ့ ဘေးရှောင်နေတယ်။ ကချင်ကတော့ အဲဒီမှာ အဓိကဇာတ်ကောင်တဦး ဖြစ်တယ်။

အင်္ဂလိပ်ကလည်း 'ဝ' ကို တိုက်တိုက်တွန်းတွန်း မလုပ်ဘူး။ အဲဒီတုန်းက တရုတ်ပြည်မှာ ချန်ကေရှိတ် အစိုးရရှိနေတာဆိုတော့ အင်္ဂလိပ်က 'ဝ' ကို တွန်းတွန်းထိုးထိုးလုပ်စရာ မလိုဘူး။ အဲဒီတုန်းက ဗမာပြည်နိုင်ငံရေး (ဖဆပလ၊ ကွန်မြူနစ်) ကလည်း 'ဝ' နဲ့ အဆက်အစပ် လုံးလုံး မရှိဘူး။

အခုတော့ အခြေအနေတွေက သိပ်ပြောင်းနေပြီ။ ဒါကြောင့် UWSA ကို တမျိုးပြော၊ KIA ကို တမျိုးပြောပြီး NC အောင်မြင်ရေး လုပ်နေတာပဲ။

ဒီပဲယင်းဂိုဏ်းရဲ့လမ်းစဉ်က DASSK (NLD) နဲ့ မစေ့စပ်ရေး၊ အာဏာလွှဲမပေးရေး၊ မတော်တဆ NLD အာဏာရသွားရင် ပြည်တွင်းစစ် ဖန်တီးပြီးအာဏာသိမ်းရေး ဖြစ်တယ်။ ပြည်တွင်းစစ်ဖန်တီးနိုင်တာ 'ဒီပဲယင်းဂိုဏ်း' ပဲ ဖြစ်တယ်။

၅။ အာဏာသိမ်းထားတဲ့ "လက်တွေ့အာဏာပိုင်" SPDC နဲ့ လူထုရဲ့အာဏာလွှဲအပ်ခြင်းခံရတဲ့ "တရားသဖြင့်အရ အာဏာရှိသင့်သူ" NLD ရဲ့ကြားမှာ တတိယအင်အားစု ပေါ်တာကို ပါတီက မကြိုက်ပါ။ အရင်ကလည်း မကြိုက်၊ အခုလည်း မကြိုက်ပါ။

ဒါကြောင့် ဗိုလ်ခင်ညွန့်ရဲ့လှည့်ကွက်ထဲ ပါတီက မကျရောက်အောင် ရှောင်ပါတယ်။ "၁၀၄ ချက် အခြေခံဥပဒေ" မပျက်ပျက်အောင် ပါတီက နည်းမျိုးစုံနဲ့ လုပ်နေပါတယ်။

အမျိုးသားညီလာခံ (NC) ဖိတ်စာ ဗိုလ်ခင်ညွန့်ကမ်းလှမ်းလာမှာကို ပါတီက စောင့်နေတာလားလို့ တချို့က မေးချင်ကြပါတယ်။ မဟုတ်ပါ၊ NLD ရဲ့သဘောထားကို စောင့်တာပါ။ NC နဲ့ ပတ်သက်ပြီး NLD ပြောတာသာလျှင် အရေးပါ ဖြစ်တယ်။ သူတို့ပြောတာသာ အဓိက အရေးပါပါတယ်။

ဆက်ပြီးရေးဦးမယ်။

# ရခိုင်ပြည်နယ်ရှိ တကွဲတပြားစီ ဖြစ်နေကြသော ပြည်ချစ်ဝါဒီရဲဘော်များသို့ ရဲဘော်ကျော်မြထံမှ ပန်ကြားလွှာ

ခင်မင်လေးစားအပ်သော ရဲဘော်တို့ –

၁။ ။ ယနေ့ ရခိုင်ပြည်နယ်ရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံးမှာ စစ်အာဏာရှင်အစိုးရ၏ ဖက်ဆစ်ဆန်စွာ ဖိနှိပ်ညှင်းပန်းမှုကို မခံမရပ်နိုင်ဖြစ်ကြသဖြင့် ရဲဘော်တို့အနေနှင့် ကိုယ်ကျိုးစီးပွားဟူသမျှကို စွန့်လွှတ်ကာ ပြည်သူလူထုတရပ်လွတ်မြောက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲကာ တိုက်ပွဲဝင်ရန် တော်လှန်ရေးနယ်ပယ်သို့ ခြေစုံပစ်ဝင်ရောက်လာကြသည်ကို လိုက်လှဲစွာ ချီးကျူးဂုဏ်ပြု ကြိုဆိုအပ်ပါသည်။

ရဲဘော်တို့အားလုံး၏ တခုတည်းသောရည်မှန်းချက်ပန်းတိုင်မှာ ပြည်သူများကို ညှင်းပန်းနှိပ်စက်နေသော စစ်အာဏာရှင် အစိုးရကို ဖယ်ရှားပြီး ဒီမိုကရေစီအစိုးရတရပ်ကို ထူထောင်ရေး ဖြစ်သည်ဟု ယုံကြည်ပါသည်။

၎င်းသည်မှာ ရဲဘော်တို့၏ မှန်ကန်သောဆန္ဒသာ ဖြစ်ပါသေးသည်၊ ၎င်းဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ရေးမှာ ရဲဘော်တို့၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည်ဟု ယူဆမိပါသည်။

၎င်းသို့လက်တွေ့အကောင်အထည်ဖော်ရာတွင် 'ဖျူဒိုကရက်စနစ်'၊ 'နေရှင်အမျိုးသားရေးဝါဒ'၊ 'ဂိုဏ်းဂဏဝါဒ' တည်းဟူသော နိုင်ငံရေးရောဂါဆိုးများကို တိုက်ဖျက်နိုင်ဖို့ အထူးလိုအပ်ပါသည်။

၎င်းရောဂါဆိုးများမှာ လူမှုရေးအခြေခံရှိသဖြင့် ခေါင်းဆောင်ကေဒါများပင်လျှင် အများအားဖြင့် ၎င်းရောဂါဆိုးများကို ကာကွယ်ရန် မစွမ်းဆောင်နိုင်ခဲ့ကြသည်ကို သမိုင်းက သက်သေထူပြခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် ရဲဘော်တို့အဖို့ ၎င်းရောဂါဆိုးများ ဝင်ရောက်လာမှုကို တားဆီးနိုင်ရေးအတွက် တခုတည်းသောလက်နက်မှာ မိမိတို့ကိုယ်ကိုမိမိတို့ ရဲရင့်ပြတ်သားစွာ မညှာမတာ နက်နက်နဲနဲဝေဖန်ဆန်းစစ်ကြရေးပင် ဖြစ်သည်ဟု ယူဆမိပါသည်။ မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်ထားကြသော ရဲဘော်တို့အနေနှင့် ၎င်းတာဝန်ကို ထမ်းဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

၂။ (က) **'ဖျူဒိုကရက်စနစ်'** အကြောင်းကို အတိုချုံးပြီး ပြောပြချင်ပါသည်။ ဖျူဒိုကရက်စနစ်ဆိုး ဝင်ရောက်စွဲကပ်မိပါက မိမိတို့ကိုယ်ကို အထင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း၊ မာနတက်ခြင်းများကို ဖြစ်စေပြီး အခြားသူများ၊ အခြားအဖွဲ့အစည်းများကို အထင်သေးခြင်း၊ အထူးသဖြင့် ပြည်သူလူထုများကိုပါ အထင်သေးခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အကျိုးသက်ရောက်မှုမှာ မိမိတို့အတွင်း ညီညွတ်မှုကို ထိခိုက်စေပြီး ရဲဘော်တို့၏ ရည်မှန်းချက်ပန်းတိုင်နှင့် အလှမ်းဝေးသွားနိုင်ပါသည်။

တချိန်တည်းတွင် ဖျူဒိုကရက်စနစ်ဆိုး ဝင်မိပါက ငါတို့သာလျှင် ပြည်သူလူထုကို ကယ်တင်သူများဖြစ်သည်ဆိုသည့် အမြင်မျိုး ဝင်လာတတ်ပါသည်။ ပြည်သူလူထုကို အထင်သေးပြီး အပေါ်စီးဆက်ဆံမှုများပင် ဖြစ်စေတတ်ပါသည်။ ၎င်းသို့ဖြင့် လူထုနှင့် တစတစကင်းကွာကာ ရဲဘော်တို့၏ ရည်မှန်းချက်လည်း ပျောက်ကွယ်သွားနိုင်ပါသည်။

ဥပမာပြရလျှင် ရခိုင်ပြည်နယ်တွင် နိုင်ငံရေးပါတီအဖွဲ့အစည်းများ အများအပြား ပေါ်ပေါက်ခဲ့ပါသည်။ သူတို့အားလုံး၏ ကြွေးကြော်သံမှာ ရခိုင်ပြည်သူလူထုတရပ် လွတ်မြောက်ရေးပင် ဖြစ်ပါသည်။ သို့သော် ဖျူဒိုကရက်စနစ်ဆိုးကို မကာကွယ်နိုင်မှုကြောင့် လူထုနှင့်ကင်းကွာကာ နောက်ဆုံးတွင် ရန်သူ့ထံ လက်နက်ချအရှုံးပေးခြင်းဖြင့် နိဂုံးချုပ်သွားကြသည်ကို ရဲဘော်တို့အသိပင် ဖြစ်ပါသည်။ ၎င်းဖြစ်ရပ်များမှ လေးနက်သောသင်ခန်းစာ ထုတ်ယူနိုင်ကြပါစေဟု မျှော်လင့်မိပါသည်။

(ခ) **'နေရှင်အမျိုးသားရေးဝါဒ'**။ ဤဝါဒတွင် လူမျိုးကြီးဝါဒ၊ အချို့လူမျိုးငယ်များ၏ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒတို့ အကျုံးဝင်ပေသည်။ ခွဲထွက်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဌာန်းခွင့်မှာ လူမျိုးတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သည်ကို မည်သူမျှငြင်းနိုင်မည် မဟုတ်ပါ။

သို့သော် ဤအခွင့်အရေးကို အခြေအနေအချိန်အခါနှင့် ကိုက်ညီစွာ အသုံးချရေးသည် အထူးစဉ်းစားကြရမည့်ပြဿနာ ဖြစ်ပါသည်။

ရဲဘော်တို့အဖွဲ့အစည်းများကို ထူထောင်ခဲ့ကြစဉ်က ရခိုင်ပြည်နယ် ပြည်သူလူထု၏ထောက်ခံမှုကို ရရှိနိုင်သည်ဟု စိတ်ကူးယဉ်ကာ သီးခြား ရခိုင်ပြည်သမ္မတနိုင်ငံထူထောင်ရေးကို ချမှတ်ကြွေးကြော်ခဲ့ကြကြောင်းကို သိရှိခဲ့ရပါသည်။ ဤသည်မှာ ရခိုင်ပြည်သူလူထု၏ဆန္ဒနှင့် ကိုက်ညီသောကြွေးကြော်သံ မဟုတ်ပါ။ ရဲဘော်တို့ကသာ ရခိုင်ပြည်နယ်ရှိ လူထုနှင့် ရင်းနှီးစွာဆက်ဆံပြီး သူတို့၏သဘောထားကို လေ့လာပါက သူတို့အနေနှင့် သီးခြားနိုင်ငံထူထောင်ရေးကို စိတ်ဝင်စားမှု မရှိကြဘဲ တပြည်လုံးရှိ လူမျိုးအားလုံးနှင့် တန်းတူအခွင့်အရေးရရှိကာ အေးချမ်းသာယာစွာ နေနိုင်ကြမည့် ပြည်ထောင်စုနိုင်ငံတော် ထူထောင်ရေးကိုသာ စိတ်ဝင်စားကြသည်ကို တွေ့ရှိကြပါလိမ့်မည်။ ယခုအခါ ရဲဘော်တို့အနေနှင့် ယခင်ချမှတ်ချက်ကို စွန့်လွှတ်လိုက်ကြသည်ဟု ကြားသိရ၍ များစွာဝမ်းမြောက်မိပါသည်။ လူမျိုးအလိုက် သီးခြားတိုင်းပြည်ကလေးများ ထူထောင်ရေးမှာ နယ်ချဲ့သမားတို့၏ အကြိုက်သာ ဖြစ်ပါသည်။

နောက်တချက် သတိပေးလိုသည်မှာ ရဲဘော်တို့အနေနှင့် တဖက်တွင် မဟာဗမာလူမျိုးကြီးဝါဒကို ဆန့်ကျင်ကြပြီး အခြားတဖက်တွင် မိမိတို့ ပြည်နယ်အတွင်းရှိ လူမျိုးငယ်များအပေါ် လူမျိုးကြီးဝါဒအရ ဆက်ဆံနေကြခြင်းပင် ဖြစ်ပါသည်။

လူမျိုးငယ်များအပေါ် လူလိုမဆက်ဆံသည့် အတွေးအခေါ်၊ အယူအဆ၊ အပြောအဆိုများ တချိန်က လွှမ်းမိုးခဲ့ပါသည်။ ယခုတော့ တစတစ မှေးမှိန်ပျောက်ကွယ်သွားနေသည်ကို တွေ့ရပါသည်။ နောက်ထပ် မပေါ်ပေါက်ရအောင် အထူးသတိပြုကြစေလိုပါသည်။

မကြာမီက ရဲဘော်တို့အဖွဲ့အစည်းများအားလုံး စုပေါင်းဆွေးနွေးပွဲတခု လုပ်နိုင်ခဲ့သည်ဟု ကြားသိရ၍ များစွာအားတက်မိပါသည်။ သို့သော် မူဆလင်အမျိုးသားများကိစ္စနှင့် ပတ်သက်၍ အမြင်ခြင်းမတူ ကွဲလွဲကြသဖြင့် အစည်းအဝေး မအောင်မမြင်ဖြစ်ခဲ့ရသည်ဟု ကြားရပြန်သဖြင့် များစွာစိတ်ထိခိုက်မိပါသည်။

စာရှည်လွန်းမည်စိုး၍ မူဆလင်များကိစ္စကို ဤပန်ကြားလွှာတွင် မရေးလိုတော့ပါ။ ခွင့်လွှတ်ကြစေလိုပါသည်။ နောင်အခွင့်ကြုံသည့်အခါမှ သူတို့၏ကိစ္စကို အကျယ်ရေးပါတော့မည်။

(ဂ) **'ဂိုဏ်းဂဏဝါဒ'**။ ရဲဘော်တို့အတွင်း ဤရောဂါဆိုး ဝင်ရောက်မိပါက အဖွဲ့အစည်းများအချင်းချင်း မသင့်မတင့် ပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အဖွဲ့အစည်းတခုစီ အတွင်းမှာလည်း အုပ်စုငယ်ကလေးများကွဲကာ မညီမညွတ်ဖရိုဖရဲ ဖြစ်စေနိုင်ပါသည်။

အုပ်စိုးသူလူတန်းစားများကလည်း ဂိုဏ်းဂဏဝါဒကို အသုံးချကာ အဖွဲ့အစည်းများအချင်းချင်း ပဋိပက္ခများ ဖြစ်စေရန်၊ အဖွဲ့အစည်းတခုစီအတွင်း မညီမညွတ်ဖြစ်ရေး၊ လူမျိုးချင်းမုန်းတီးရေးတို့ကို စီမံကိန်းချပြီး ဆောင်ရွက်နေသည်ကို ရဲဘော်တို့လည်း အသိပင် ဖြစ်ပါသည်။

၃။ ။ ယနေ့ အချို့သော အဖွဲ့အစည်းများအတွင်းတွင် တိုင်းပြည်၏အခြေအနေကို ပြောင်းလဲအောင်လုပ်ရေးအတွက် ကိုယ့်အားကို ကိုယ်မကိုးဘဲ နိုင်ငံခြားအကူအညီကို တဖက်သတ်မှီခိုအားထားလိုသည့် စိတ်ကူးယဉ်မှုများ ဝင်ရောက်နေသည်ကို တွေ့နေရပါသည်။ ရဲဘော်တို့အနေနှင့် မိမိတို့ကိုယ်ကို ရဲရဲဆန်းစစ်ကာ ဤစိတ်ကူးယဉ်မှုများ မဝင်ရောက်ရအောင် အထူးဂရုစိုက် ဆောင်ရွက်ကြစေလိုပါသည်။

ပြည်ပအကူအညီမှာ အရန်သာ ဖြစ်ပါသည်။ အဓိကအင်အားမှာ တောက်ပြောင်သောတော်လှန်ရေး အစဉ်အလာရှိသည့် ပြည်သူများသာလျှင် ဖြစ်ပါသည်။

ယခုအခါ ရဲဘော်တို့အနေနှင့် မိမိတို့၏ အခြေခံလူထုနှင့် အလှမ်းဝေးသည့်နေရာသို့ ရောက်ရှိနေကြပါသည်။ ဤအခြေအနေကို ပြောင်းပြန်လှန်ပစ်ဖို့ အထူးအရေးကြီးပါသည်။ ဖြစ်နိုင်သမျှသော နည်းမျိုးစုံကို အသုံးချကာ ပြည်သူလူထုနှင့် အတူပူးပေါင်းနိုင်အောင် ကြိုးစားကြစေချင်ပါသည်။ ပြည်သူလူထုထဲသို့ တစိမ့်စိမ့်ထိုးဖောက်ဝင်ရောက်ကာ သူတို့၏သဘောထား၊ ဆန္ဒ၊ ထင်မြင်ချက်များကို ရယူပြီး မိမိတို့၏အမြင်နှင့် ပေါင်းစပ်ကာ ဝဲယာတိမ်းစောင်းမှုမရှိဘဲ လုပ်ငန်းများချမှတ်ဖို့ အထူးအရေးကြီးပါသည်။ ထိုသို့ လုပ်နိုင်ပါက လူထုကြီး၏ အသိနှင့်ယှဉ်သောအုံကြွမှုကြီး ဖြစ်လာကာ ဤအုံကြွမှုမုန်တိုင်းကြောင့် အာဏာရှင်အစိုးရ မုချလွင့်စင်ချုပ်ငြိမ်းသွားမည်ဟု ယုံကြည်ပါသည်။

ဤလုပ်ငန်းမှာ လွယ်ကူသောလုပ်ငန်းတော့ မဟုတ်ပါ။ အလွန်ခက်ခဲကြမ်းတမ်းပြီး ကျားကုတ်ကျားခဲ ကြိုးစားရမည့်လုပ်ငန်း ဖြစ်ပါသည်။ သို့သော် ရဲဘော်တို့သည် ခိုင်မာသောစိတ်ဓာတ်နှင့် ပြည်သူလူထုအပေါ် မှန်ကန်သောသဘောထားရှိပါက အခက်အခဲဟူသမျှကို ပြည်သူလူထု၏အကူအညီဖြင့် မုချကျော်လွှားနိုင်ကြပါလိမ့်မည်။

၄။ ။ ယနေ့ တကမ္ဘာလုံးတွင် အပြောင်းအလဲများ မြန်ဆန်ပြီး ရှုပ်ထွေးမှုလီလှပါသည်။ သတင်းမီဒီယာတခုလုံးကို အုပ်စိုးသူများက အပိုင်စီးထားသဖြင့် အခြေအနေမှန်နှင့် သတင်းမှန်ရရှိရန် မလွယ်ကူလှပါ။ ဤကိစ္စနှင့်ပတ်သက်၍ အကြံပေးလိုသည်မှာ မိမိတို့၏ ဆန္ဒအပေါ် အခြေခံပြီး ခန့်မှန်းတွက်ဆခြင်း **(speculation)** အပေါ် အခြေခံပြီး မသုံးသပ်ကြစေလိုပါ။ ဤသို့လုပ်မိပါက လုပ်ငန်းများ ချမှတ်ရာတွင် အမှားအယွင်းများ ဖြစ်တတ်ပါသည်။

အကောင်းဆုံးနည်းလမ်းမှာ အထက်က ပြောခဲ့သလို လူထုကိုအခြေခံပြီး မှန်ကန်သောအခြေအနေနှင့် သတင်းမှန်များ ရရှိအောင် ကြိုးစားကြပါဟု တိုက်တွန်းလိုပါသည်။

၅။ ။ ဒီပဲယင်းအရေးအခင်း ပေါ်ပေါက်ခဲ့စဉ်က လူထုအနေနှင့် သွေးပူပြီးမခံမရပ်နိုင် ဖြစ်ခဲ့ကြသည်။ ယခုအခါ သွေးအေးပြီး ငြိမ်သက်နေကြပြီဟု အချို့က ပြောနေကြသည်။ ဤပြောဆိုချက်မှာ လုံးဝမှားယွင်းပါသည်၊ လူထုအပေါ် အထင်သေးသော စကားများသာ ဖြစ်ပါသည်။

အမှန်မှာ "ပြင်းထန်သော မုန်တိုင်းကြီးတရပ် မတိုက်ခတ်မီ လေထုယာယီငြိမ်သက်နေတတ်သည်" ဆိုသော သိုးဆောင်းစကားပုံအတိုင်း လူထုအုံကြွမှု ယာယီငြိမ်သက်နေခြင်းသာ ဖြစ်ပါသည်၊ အချိန်ကျရောက်လာသည်နှင့် လူထုအုံကြွမှု မုန်တိုင်းကြီး တိုက်ခတ်လာမည်မှာ သေချာလှပါသည်။

သို့သော် ဤသို့ဖြစ်လာရေးအတွက် မိမိတို့ကိုယ်တိုင် အားမထုတ်ဘဲ အလိုအလျောက်ဖြစ်ပေါ်လာမည်ဟု မမျှော်လင့်စေလိုပါ။ တချိန်တည်းတွင် အထက်ကပြောခဲ့သည့်အတိုင်း ရဲဘော်တို့အနေနှင့် ကိုယ်ကျိုးလုံးဝစွန့်လွှတ်ပြီး အဆင်းရဲ အပင်ပန်းခံကာ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်မှုအပေါ်မှာ တည်ကြောင်း ပြောကြားလိုပါသည်။

၆။ ။ အပေါ်ယံအားဖြင့်ကြည့်လျှင် စစ်အစိုးရက အင်အားကြီးပြီး အတိုက်အခံအင်အားစုများက အားနည်းနေသည်ဟု မြင်နိုင်ပါသည်။

အမှန်မှာ စစ်အစိုးရအနေနှင့် မည်သို့မှမဖြေရှင်းနိုင်သော အကျပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် အင်္ဂလိပ်နယ်ချဲ့သမား၊ ဖက်ဆစ်ဂျပန်၊ ဗနရှင်အစိုးရအဆက်ဆက်တို့ကို ဆန့်ကျင်တိုက်ခိုက်လာခဲ့ကြသော တော်လှန်ရေးအစဉ်အလာ ရှိသည့် လူထုနှင့် ရင်ဆိုင်နေရပါသည်။

အင်အားသေးသည်ဟု အထင်ခံရစေကာမူ တပြည်လုံးရှိ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူလူထုတို့မှာ တနေ့တခြား စည်းလုံးညီညွတ်မှု ကောင်းလာပြီး အင်အားလည်း တိုးတက်လာနေပါသည်။ စစ်အစိုးရအနေနှင့် သူတို့၏အုပ်စိုးမှု သက်ဆိုးရှည်အောင် အရှက်ကင်းမဲ့စွာ နည်းပရိယာယ်များကို ချမှတ်ကျင့်သုံးနေရပါသည်၊ သူတို့၏ အခြေအနေမှာ ပေါက်ကွဲလုဆဲဆဲ မီးတောင်ကြီးပေါ်တွင် ထိုင်နေကြရသည့် အခြေအနေမျိုးတွင် ဆိုက်ရောက်နေပါသည်။

၇။ ။ ဤပန်ကြားလွှာနှင့် ပတ်သက်၍ တဖက်သတ်အပေါ်စီး ဝေဖန်နေသည်ဟု အထင်မမှားကြစေလိုပါ။ ကျနော့်အနေနှင့် နှစ်ပေါင်း (၇၀) နီးပါးမျှ ဖြတ်သန်းလာခဲ့သော တော်လှန်ရေးခရီးကြမ်းအတွေ့အကြုံများမှ သင်ခန်းစာထုတ်ယူကာ ရဲဘော်တို့အားလုံးအား စစ်မှန်သောပြည်ချစ်ဝါဒီများ ဖြစ်လာကြစေရန်၊ ပြည်သူနှင့်အတူ လက်တွဲတိုက်ပွဲဝင်ရာတွင် ရှေ့တန်းမှပါဝင်သည့် စံပြသူရဲကောင်းများ ဖြစ်လာကြစေရန် မွန်မြတ်သောစေတနာဖြင့် ဤပန်ကြားလွှာကို ရေးလိုက်ခြင်း ဖြစ်ပါသည်။

ရဲဘော်တို့အားလုံးမှာ ရည်မှန်းချက်တူပါလျက် ဘာ့ကြောင့် စည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်သလဲဆိုတာကို အလေးအနက်ဆန်းစစ်ပြီး ညီညွတ်စည်းလုံးရေးကို ဦးတည်ကြိုးစားကြပါရန် ထပ်လောင်းနှိုးဆော်တိုက်တွန်းလိုက်ပါသည်။

ရဲဘော်တို့၏ သဘောထားအမြင်၊ ဝေဖန်ချက်များကို စောင့်မျှော်လျက်ရှိပါသည်။

အဖိနှိပ်ခံပြည်သူတို့၏ ဘဝလွတ်မြောက်ရေးတိုက်ပွဲ မုချအောင်ရမည်။
ပြည်သူကို နှိပ်စက်ညှင်းပန်းနေသော စစ်အစိုးရ မုချကျဆုံးရမည်။

**ခင်မင်လေးစားစွာဖြင့်**
**ရဲဘော်ကျော်မြ**
**၂၀ – ၁၂ – ၂၀၀၃**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

## ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်ည – ဘီဘီစီအသံလွှင့်ဌာနမှ ထုတ်လွှင့်သော ကမ္ဘာ့အရေးမြန်မာ့အရေးကဏ္ဍတွင် ဗိုလ်မှူးချုပ် (ဟောင်း) ကျော်ဇော၏ ဖြေကြားချက်

**ဦးကျော်ဇံသာ**။ ။ ဒီမိုကရေစီကျဆုံးစေခဲ့တာ အဓိကအားဖြင့် စစ်တပ်မှာ တာဝန်ရှိတယ်ဆိုတဲ့ သုံးသပ်ချက်ကို ရဲဘော်သုံးကျိပ်ဝင်အငြိမ်းစား ဗမကျော်ဇော က အခုလို စတင်ချေပပါတယ်။

**ဗမကျော်ဇော**။ ။ တပ်မတော်မှာ တာဝန်မရှိပါဘူး၊ တပ်မတော်ကို စတင်ထူထောင်စဉ်က လွတ်လပ်ရေးရဖို့အတွက် နယ်ချဲ့ဆန့်ကျင်ရေး အခြေခံအပေါ်မှာ တည်ဆောက်ခဲ့ကြတာပါ၊ အများစုကြီးက မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်များဖြစ်ကြပြီး ဒီမိုကရေစီကိုလည်း ယုံကြည်ခဲ့ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဒီမိုကရေစီလုပ်ငန်းများ လုပ်ပြခဲ့ပါတယ်။ ဥပမာအားဖြင့် ၁၉၄၅၊ ၄၆ လွတ်လပ်ရေးကို နိုင်ငံရေးနည်းနှင့် တောင်းဆိုဖို့ လိုလာတော့ ဗိုလ်ချုပ်ဟာ တပ်ကထွက်ပြီး နိုင်ငံရေးလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ တပ်ယူနီဖောင်းဝတ်ပြီး နိုင်ငံရေးအာဏာ ရယူလိုတဲ့ ကိုယ်ရေးကြီးပွားချင်တဲ့ နိုင်ငံရေးသမားဖြစ်ကြတဲ့ ဗိုလ်နေဝင်းအစရှိတဲ့ ဆိုရှယ်လစ်များကြောင့် တပ်မတော်နံမည်ပျက်ရတာပါ။ သူတို့က တပ်ထဲက မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်တွေ လူဟောင်းတွေကို နှင်ထုတ်ပြီး ဆိုရှယ်လစ်တပ်ကြီး ဖြစ်သွားအောင်လုပ်ပြီး တပ်ကိုပြည်တွင်းစစ်ထဲမှာ နှစ်မြှုပ်လိုက်တယ်။ ၁၉၆၀ ခုနှစ်နောက်ပိုင်းမှာတော့ ဗိုလ်နေဝင်းဟာ ပြည်သူတွေက စွန့်ပစ်လိုက်ပြီးဖြစ်တဲ့ ဆိုရှယ်လစ်များကို တပ်ထဲက မောင်းထုတ်လိုက်ပြီး တပ်ကို တလက်ကိုင် ကြေးစားတပ်ဖြစ်အောင် လုပ်လိုက်တာပဲ။

**ဦးကျော်ဇံသာ**။ ။ တခါ တိုင်းရင်းသားလူမျိုးများအရေးဟာ မြန်မာနိုင်ငံမှာ အဓိကကျတဲ့ ပြဿနာတရပ် ဖြစ်ပါတယ်။ ဒီလောက်အရေးကြီးတဲ့ ပြဿနာအပေါ်မှာ မြန်မာနိုင်ငံကံကြမ္မာကို ဖန်တီးခဲ့တဲ့ စစ်တပ်အနေနဲ့ ဘယ်လောက်နားလည်မှုရှိခဲ့ပါသလဲ။ ဘယ်လိုသဘောထားခဲ့ပါသလဲ ခင်ဗျာ။

**ဗမကျော်ဇော**။ ။ တကယ်တော့ ဒီမိုကရေစီကျဆုံးလို့ လူမျိုးစုသူပုန်ထမှု ပေါ်ရတာပါ။ ဒီလူမျိုးစုရေးပြဿနာတွေမှာ တပ်မတော်က ဝင်ရောက်ပြောကြားခွင့်တွေ မရှိပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြုပြည်ပြုလွှတ်တော်ကနေတဆင့် ပြည်ထောင်စုဝါဒကို တည်ဆောက်ဖို့ ကြိုးစားခဲ့တာပါ။ ဗိုလ်နေဝင်းအမှူးပြုတဲ့ ဆိုရှယ်လစ်ကြီးတပ်မှူးများကတော့ တပြည်ထောင်စနစ်ကိုသာ ကြိုက်ခဲ့ကြ ဖော်ဆောင်ခဲ့ကြပါတယ်၊ အခု နအဖ ပြောနေတဲ့ (၁၀၄) ချက်ဆိုတာလည်း ပိုပြောင်ကျတဲ့ တပြည်ထောင်စနစ် ဖော်ဆောင်ရေးပါပဲ။ ချုပ်ပြောရရင်တော့ စစ်တပ်က နိုင်ငံရေးထဲ ဝင်ရှုပ်နေသ၍ တိုင်းပြည် မကောင်းနိုင်ပါဘူး။ ဒါကြောင့် စစ်တပ်ကို စစ်တန်းလျားထဲ ပြန်ပို့ရပါလိမ့်မယ်။

**ဦးကျော်ဇံသာ**။ ။ ဟုတ်ကဲ့ တိုင်းရင်းသားလူမျိုးစုအရေးနဲ့ပတ်သက်ပြီး တဆက်တည်းမှာပဲ ဗိုလ်ချုပ်နေဝင်းရဲ့ မိန့်ခွန်းတခုထဲမှာ တခါတုန်းက ကျွန်တော်တို့ ကြားဖူးပါတယ်။ BDA ခေတ်တုန်းကဆိုလား မသိပါဘူး၊ သူအပါအဝင်ပေါ့လေ၊ လူကြီးတွေ အထက်ဗမာပြည်ကို ခရီးထွက်နေတုန်း ရန်ကုန်မှာ ဗိုလ်ကျော်ဇော အန်ကယ်တယောက်တည်းပဲ ကျန်ခဲ့တယ်။ အဲဒီမှာ ဂျပန်က အမိန့်ပေးလို့ အန်ကယ်ဟာ ပုသိမ်ဘက်သွားပြီး ကရင်တွေကို သွားတိုက်ခဲ့တယ်လို့ ပြောကြား သွားခဲ့ပါတယ်။ အဲဒါ အမှန်ပဲလား ခင်ဗျာ။

**ဗမကျော်ဇော**။ ။ အဲဒီတုန်းက ကျွန်တော်ဟာ အောက်ဗမာပြည် BIA တပ်များရဲ့ တာဝန်ခံတပ်မှူးပါ။ ဗိုလ်မိုးကြိုးလည်း ရှိပါတယ်။ သူက BIA တပ်ရဲ့ စစ်သေနာပတိချုပ် ဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ်က ကရင်သူပုန်တွေကိစ္စ အစောပိုင်းမှာ ငြိမ်းချမ်းစွာဖြေရှင်းဖို့ ကြိုးစားခဲ့ပါတယ်။ ငြိမ်းချမ်းရေးအတွက် လွှတ်လိုက်တဲ့ ကိုယ်စားလှယ်များ ရှိပါတယ်။ ဂျပန်များလည်း ကိုယ်စားလှယ် လွှတ်ခဲ့ပါတယ်။ အဲဒီလူတွေ အသတ်ခံရတော့ ဗိုလ်မိုးကြိုးဦးစီးပြီး ကရင်တွေကို လက်စားချေ သတ်ဖြတ်မှုတွေ ပြုလုပ်ခဲ့တာပါပဲ၊ ကျွန်တော်ကိုယ်တိုင်လည်း စစ်သားအဖြစ် အမိန့်နာခံရတာ အဓိကထားခဲ့ရပါတယ်၊ ကျွန်တော့်လက်အောက် တပ်ကလည်း ထိုင်းနယ်စပ်က ဖွဲ့လာတာပါ။ တပ်မှူးတချို့ပဲ ဗမာစကားတတ်တာပါ။ ဒါကြောင့်လည်း ပြဿနာတွေ ပိုဆိုးသွားရပါတယ်။ ကျွန်တော်သာ အဲဒီတုန်းက နိုင်ငံရေးအသိ ရှိခဲ့မယ်ဆိုရင် ဒီကိစ္စတွေကို အတော်ရှောင်နိုင်မှာပါ၊ ကျွန်တော့်မှာ တာဝန်မကင်းပါဘူး။ ကျွန်တော်ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ ကရင်အမျိုးသားများကို တောင်းပန်လိုပါတယ်။

**ဦးကျော်ဇံသာ**။ ။ ဟုတ်ကဲ့ခင်ဗျာ၊ အန်ကယ်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီမှာလည်း အရေးကြီးတဲ့ပုဂ္ဂိုလ်တဦး ဖြစ်နေတဲ့အတွက် ဒီမိုကရေစီကျဆုံးရခြင်းနဲ့ ပတ်သက်ပြီး ကွန်မြူနစ်ပါတီရဲ့အပိုင်းကိုလည်း မေးချင်ပါတယ်။ ပထမဦးဆုံးမေးချင်တာက ဗမာပြည်ကွန်မြူနစ်တွေဟာ ဒီမိုကရေစီကို ယုံကြည်ခဲ့ကြပါရဲ့လားဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဘာကြောင့်လည်းဆိုတော့ အိမ်နီးချင်းနိုင်ငံတွေက ကွန်မြူနစ်ပါတီတွေ ၁၉၅၀ ပြည့်လွန်နှစ်တွေမှာ လက်နက်စွန့်ခဲ့ကြတာတောင်မှ ဗမာပြည်ကွန်မြူနစ်တွေဟာ ဘာ့ကြောင့်ဆက်ပြီး လက်နက်ကိုင်နေခဲ့ကြတာလဲ ခင်ဗျာ။

**ဗမခကျော်ဇော**။ ။ ကွန်မြူနစ်ပါတီဟာ ဒီမိုကရေစီရရေးအတွက် တိုက်ပွဲဝင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း တိုက်ပွဲဝင်ဆဲပါ။ ကျွန်တော်တို့ဟာ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားတွေအတွက် သူတို့ကိုယ်တိုင် တိုက်ရိုက်ကျင့်သုံးတဲ့ ဒီမိုကရေစီကို ယုံကြည်ပါတယ်၊ လစ်ဘရယ်ဒီမိုကရေစီလို အတော်အသင့်ဒီမိုကရေစီရှိပြီး မိမိတို့ရဲ့ ယုံကြည်ချက်ကို ငြိမ်းချမ်းစွာ ဖော်ထုတ်ခွင့်၊ လှုပ်ရှားခွင့်ရရင် ငြိမ်းချမ်းစွာပဲ လှုပ်ရှားချင်ပါတယ်။ ၁၉၄၈ ခုနှစ်မှာ ကွန်မြူနစ်ပါတီဟာ စတင်ပြီး လက်နက်ကိုင်ခဲ့ရပါတယ်။ လက်နက်ကိုင် ဖိနှိပ်လာရင် လက်နက်ကိုင်တော်လှန်တာဟာ တရားတယ်လို့ ကွန်မြူနစ်များက ယုံကြည်ပါတယ်။ လွတ်လပ်ရေး ရပြီးစက ဖဆပလ ဟာ အမျိုးသား ညီညွတ်ရေးကို ထိန်းသိမ်းပြီး ဒီမိုကရေစီရေးကို တဆင့်ချင်း တည်ဆောက်သွားရင် ပြည်တွင်းစစ် မဖြစ်နိုင်ပါဘူး။ အခုတော့ ဖဆပလ လက်ထက်မှာရှိတဲ့ လစ်ဘရယ်ဒီမိုကရေစီလေးတောင်မှ တစတစရိုက်ချိုးခြင်း ခံရပါတယ်။ ဥပမာ သတင်းစာတိုက်တွေ ရိုက်ချိုးခြင်းခံရတာဟာ ဒီမိုကရေစီအခြေခံမူတမူဖြစ်တဲ့ လွတ်လပ်စွာ ရေးသားခွင့်ကို ရိုက်ချိုးလိုက်တာပါ။ ဒီလိုနည်းနဲ့ ဒီမိုကရေစီ အခွင့်အရေးတွေ တမျိုးပြီးတမျိုး အရုပ်သိမ်းခံရပါတယ်။ ပထမဆုံးခံရတဲ့ အဖွဲ့အစည်းဟာ ကွန်မြူနစ်ပါတီပါ။ နောက် ပြည်သူ့ရဲဘော်၊ နောက်လူမျိုးစုစသဖြင့် တစပြီးတစ အရုပ်သိမ်းခံခဲ့ရပါတယ်၊ တကယ်တော့ စစ်တပ်က နိုင်ငံရေးထဲ ဝင်လာလေလေ၊ ဒီမိုကရေစီ အရုပ်သိမ်းခံရလေလေပါပဲ။ ဗိုလ်နေဝင်း ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးတဲ့နောက်မှာတော့ ဖဆပလ ပေးတဲ့ ဒီမိုကရေစီ အသင့်အတင့်တောင် မပေးနိုင်တော့ဘဲ ဒီမိုကရေစီကို လုံးဝရုပ်သိမ်းလိုက်တော့တာပါပဲ။ ဒီမိုကရေစီအလင်းရောင်အောက်မှာ မနေနိုင်သူများက ဒီမိုကရေစီ မပေးရဲပါဘူး။

**ဦးကျော်ဇံသာ**။ ။ နောက်ဆုံးအနေနဲ့ အခုလက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေကို အန်ကယ်ဘယ်လို သဘောရပါသလဲခင်ဗျ။ ဒီမိုက်ရေစီအရေး အလားအလာကောင်းတယ် ထင်ပါသလား။

**ဗမခကျော်ဇော**။ ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေးခရီးများအတွင်း ထွက်လာတဲ့ လူထုပရိသတ်ရဲ့ သတ္တိနဲ့သန္နိဋ္ဌာန်ပြတ်သားမှုကို ကြည့်ပါ။ ခင်ဗျားတို့ သတင်းဌာနတွေက ထုတ်လွှင့်နေတဲ့ ထောင်ကလွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသမားတွေ၊ သူတို့ရဲ့ မိသားစုဝင်တွေနဲ့ တွေ့ဆုံခန်းများကို ကြည့်ပါ။ ကျွန်တော်တို့ပြည်သူတွေ သူတို့လိုချင်တဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီရေးကို ဒီလောက်သူရသတ္တိရှိတဲ့၊ သန္နိဋ္ဌာန်ပြတ်သားနေတဲ့ ပြည်သူတွေ သူတို့လိုလားတောင့်တတဲ့ သူတို့အကျိုးဆောင်မယ့် ဒီမိုကရေစီ စနစ်မုချရမှာပါ။ ကျွန်တော်လုံးဝယုံကြည်ပါတယ်။ အခုအချိန်မှာတော့ နအဖ ပြောနေတဲ့ (၁၀၄) ချက်ဆိုတာ အန္တရာယ်ရှိပါတယ်။ ဒါတွေဟာ လစ်ဘရယ်ဒီမိုကရေစီတို့ ပြည်ထောင်စုဝါဒတို့ကို ရုပ်သိမ်းဖို့ လုပ်နေတာပါ။

**ဦးကျော်ဇံသာ**။ ။ အဲဒါကတော့ ရဲဘော်သုံးကျိပ်ဝင် အငြိမ်းစား ဗိုလ်ချုပ်ကျော်ဇော ဖြစ်ပါတယ်။

••••••••••••••••••••••••••••••••••••••••••••••••••••••

# လုပ်ကြံသတ်ဖြတ်အကြမ်းဖက်ရေးဝါဒီ ဗိုလ်သန်းရွှေဦးစီးသော စစ်အာဏာရှင် အစိုးရ၏ခြေလှမ်းများ

၁။ ယနေ့ မြန်မာတနိုင်ငံလုံးရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးမှာ နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ကြရသော အတွေ့အကြုံများကြောင့် နိုင်ငံရေး ရင့်ကျက်လာကြသူများ ဖြစ်လာနေကြပါပြီ။

မတရားသဖြင့် အာဏာကို သိမ်းယူထားသောအုပ်စိုးသူများ၏ အာဏာသက်ဆိုးရှည်ရေးအတွက် သူတို့လှမ်းလာသော ခြေလှမ်းများ၊ ပြောဆိုသော စကားများကို တွေ့ကြုံကြားရသည့်အခါ သူတို့၏ရည်ရွယ်ချက် ဘာလဲဆိုသည်ကို အလွယ်တကူ နားလည်သဘောပေါက်နေကြပါပြီ၊

၁၉၈၈ ခု၊ ဩဂုတ်လ (၈) ရက် (ရှစ်လေးလုံး အရေးတော်ပုံ) အတွင်း စစ်အစိုးရအား ဆန့်ကျင်အုံကြွ တိုက်ပွဲဝင်ခဲ့ကြသည့် ပြည်သူလူထုများအား ရက်စက်ယုတ်မာစွာ ထောင်ချီ၍ သတ်ဖြတ်ခဲ့ပေသည်၊ ဤသတ်ဖြတ်မှုကြောင့် ပြည်သူလူထုကြီးမှာ ကြောက်ရွံ့သွားပြီး သူတို့အား ဆန့်ကျင်ဝံ့တော့မည် မဟုတ်ဟု စစ်အစိုးရက တွက်ဆခဲ့ပုံရပါသည်၊

ဖြစ်ရပ်အမှန်မှာ သူတို့၏ တွက်ကိန်းအတိုင်း မဟုတ်ဘဲ ပြည်သူလူထုကြီးမှာ ဒေါသတကြီးဖြင့် စစ်အစိုးရအား ဆန့်ကျင်သည့် စိတ်ဓာတ်သာ ကြီးထွားလာခဲ့ပေသည်၊ နိုင်ငံတကာကလည်း ဤသတ်ဖြတ်မှုကို ရှုံ့ချခဲ့ကြပေသည်။ သို့ဖြစ်၍ စစ်အစိုးရသည် ခြေလှမ်းသစ်တခုကို လှမ်းလာခဲ့ပြန်သည်။

၂။ စစ်အစိုးရအနေနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားအောင် လုပ်နေသယောင် အကြောင်းပြလို၍ ပါတီစုံ ရွေးကောက်ပွဲဖြင့် ဒီမိုကရေစီ စနစ်ထူထောင်ရန် ရွေးကောက်ပွဲလုပ်မည်ဟု ကြေညာလာခဲ့သည်။ ရွေးကောက်ပွဲလုပ်လျှင် သူတို့ဘက်တော်သားများ အနိုင်ရမည်ဟုလည်း မျှော်လင့်ထားပုံ ရပါသည် ။

သို့ဖြင့်၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ စစ်အစိုးရကိုယ်တိုင်က ဤရွေးကောက်ပွဲမှာ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်သည်ဟု ကြေညာခဲ့ပေသည်။အလားတူကုလသမဂ္ဂအပါအဝင် အာရှ၊ ဥရောပ၊ တိုင်းပြည်များကလည်း ဤရွေးကောက်ပွဲမှာ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ကြပါသည်။ ရွေးကောက်ပွဲ ရလဒ်မှာ သူတို့ ထင်သလိုဖြစ်မလာဘဲအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့ပါသည်။

ဤအခြေအနေတွင် စစ်အစိုးရက မဲအများစုကြီးဖြင့် အနိုင်ရသော

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို အာဏာလွှဲပြောင်းပေးရန် ငြင်းဆန်ခဲ့ပေသည်။ ရွေးကောက်ပွဲပြီးသည်မှာ ဆယ်နှစ်ကျော်သွားပြီဖြစ်သော်လည်း အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးခြင်း မလုပ်သေးပါ။ ရွေးကောက်ပွဲဟာ တရားမှုတပါသည်ဟုပြောခဲ့သော နိုင်ငံများစွာတို့က ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ယခုအခါ ရေငုံနှုတ်ပိတ်နေကြပေသည်။ ဤသည်မှာ အသစ်အဆန်းမဟုတ်ပါ။ စစ်အာဏာရှင်အစိုးရ ဆက်ရှိနေမှသာ မြန်မာနိုင်ငံ၏ သယံဇာတများကို သွေးစုပ်ချယ်လှယ်နိုင်မည် ဖြစ်သောကြောင့် ဖြစ်ပေသည်။

၃၊ ဗိုလ်သန်းရွှေဦးစီးသော စစ်အာဏာရှင်အစိုးရက သူတို့သက်ဆိုးရှည်ရေးကို အတားအဆီးလုပ်နေသူမှာ အင်အယ်လ်ဒီ ဖြစ်သည်ဟု ယူဆနေပါသည်။ သို့ကြောင့် အစွရေးဝန်ကြီးချုပ်ရှုန်က ယာဆာအာရာဖတ်ကို ဖယ်ရှားရေး (အသေသတ်ရေးအပါအဝင်) ကို သူ၏ကက်ဘိနက်အဖွဲ့တွင် ချမှတ်ဆုံးဖြတ်ခဲ့သည့် ဥပမာကိုယူပြီး စစ်အစိုးရကလည်း ချမှတ်လုပ်ဆောင်လာခဲ့သည်ကို တွေ့မြင်နေရပါသည်။ ရှုန်ကတော့ နိုင်ငံတကာက ကန့်ကွက်မှုကြောင့် နောက်ဆုတ်သွားခဲ့ရသည်၊

ပထမအဆင့်အနေနှင့် သူတို့၏ သတင်းမီဒီယာများတွင် ဒေါ်အောင်ဆန်းစုကြည်အား အပုပ်ချသည့်ဆောင်းပါးများကို အချိန်အတော်ကြာအောင် အဆက်မပြတ်ရေးသားခဲ့ပါသည်၊ ၎င်းရေးသားချက်များမှာ ထိရောက်မှု မရှိမှန်းသိလာသည့်အခါ ခြေလှမ်းသစ်တခုကို လှမ်းပြန်ပါသည် ။

ဒေါ်အောင်ဆန်းစုကြည်အား တပြည်လုံးသို့ လှည့်လည်စည်းရုံးရေးလုပ်ရန် တဖက်ကခွင့်ပြုပြီး အခြားတဖက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တလျှောက်တွင် နှောင့်ယှက်ဖျက်ဆီးရေးလုပ်ဖို့ ဗိုလ်သန်းရွှေကိုယ်တိုင် နာယကလုပ်ပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဆိုတာကို ဖွဲ့စည်းခဲ့ပေသည်၊

ဒေါ်အောင်ဆန်းစုကြည်ရောက်ရာနေရာတိုင်းတွင် သူမအားမကြိုဆိုရန်၊ အထူးသဖြင့် တရားပွဲများသို့ မတက်ရောက်ကြရန် ကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့ဝင်များက လူထုများအား နည်းမျိုးစုံဖြင့် ခြိမ်းခြောက်တားဆီးမှုများကို လုပ်ခဲ့ကြသည်။ သို့သော် လူထုကြီးက ဒေါ်အောင်ဆန်းစုကြည်အား သောင်းနှင့်ချီ၍ ကြိုဆိုကြပေသည်။ စစ်အာဏာရှင်အစိုးရက ခန့်မှန်းသလို ဒေါ်အောင်ဆန်းစုကြည်၏သြဇာ ကျမလာဘဲ တက်၍သာ လာနေသည်ကို တွေ့လာကြရပေသည်။

ဤအခြေအနေအောက်တွင် ဗိုလ်သန်းရွှေက သူ၏လက်ပါးစေများနှင့် လျှို့ဝှက်ညှိနှိုင်းကာ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား သူမ၏ နောက်ဆုံး ခရီးစဉ်ဖြစ်သည့် ကချင်ပြည်နယ်တွင် လုပ်ကြံသတ်ဖြတ်ရန် အစီအစဉ်ကို ချမှတ်ခဲ့ကြသည်။ ထိုအစီအစဉ် အတိုင်း ၂၀၀၃ ခု မေလ ၃၀ ရက်နေ့တွင် ဒီပဲယင်း၌ လုပ်ကြံသတ်ဖြတ်မှုကြီးကို လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။ သို့သော် ပြည်သူလူထုကြီးက အသက်ပေးကာကွယ်ခဲ့မှုကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦးတို့ အသက်မသေဘဲ လွတ်မြောက်ခဲ့ရသည်၊ အသက်ဘေးမှ လွတ်မြောက်စေကာမူဖမ်းဆီးခြင်းကို ခံကြရ၍ ယနေ့တိုင်မလွတ်မြောက်ကြသေးပါ။

ဤအရေးအခင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် လူထုကြီးတရပ်လုံးကနေ တောင်းဆိုကြစေကာမူ စစ်အာဏာရှင်တို့က လုံးဝဂရုမစိုက်ခဲ့ကြပါ။ လူထုကြီးကတော့ အခဲမကြေဖြစ်နေကြရပါသည်။

၄၊ ဒီပဲယင်းအရေးအခင်း ဖြစ်ပေါ်ပြီးနောက်တနေ့တွင် ဗိုလ်ခင်ညွန့်က ဗိုလ်သန်းရွှေတို့၏ အလိုအတိုင်း ဤအရေးအခင်းဖြစ်မှုနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်း စုကြည်အပေါ် အပြစ်ပုံချသည့် မိန့်ခွန်းတခုကို မြွက်ကြားခဲ့ပေသည်။ ဗိုလ်ခင်ညွန့်ဆိုသူမှာ အာဏာမက်မောသူဖြစ်သည့်အလျောက် အာဏာရှင်တို့၏ ခိုင်းစေချက်အတိုင်း အမြဲလုပ်လာသူ ဖြစ်ပါသည်၊

နောက်တဖန် ဒီပဲယင်းကိစ္စ မေ့ပျောက်သွားစေရန်နှင့် နိုင်ငံတကာ၏ ထောက်ခံမှုရရန် စိတ်ကူးယဉ်မှုဖြင့် ဗိုလ်သန်းရွှေက သူကိုင်ထားသော ဝန်ကြီးချုပ် တာဝန်ကိုပေးကာ ဗိုလ်ခင်ညွန့်အား နိုင်ငံရေးဇာတ်ခုံပေါ်တက်ပြီး ကပြရန် စီစဉ်လာပြန်သည်။

အမည်ခံဝန်ကြီးချုပ်တာဝန်ကိုရလာသော ဗိုလ်ခင်ညွန့်အနေနှင့် ပြည်သူလူထုအပါအဝင် နိုင်ငံတကာကိုလှည့်စားရန် မြန်မာနိုင်ငံတွင် အသွင် ပြောင်းရေးအတွက် လမ်းပြမြေပုံဆိုတာကို ထုတ်ပြန်ခဲ့ပြန်သည်။

လမ်းပြမြေပုံတွင်ပါသည့် အမျိုးသားညီလာခံခေါ်ရေး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးတို့မှာ သူတို့လုပ်ပိုင်ခွင့် မရှိသော အလုပ်များသာ ဖြစ်ပါသည်။ ဤလုပ်ငန်းများကို လုပ်ရမည်မှာ ပြည်သူတရပ်လုံးက ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်သာလျှင် ဖြစ်ပါသည်။

လမ်းပြမြေပုံကို ချမှတ်ပြီးနောက်အမည်ခံဝန်ကြီးချုပ် ခိုင်ညွန့်သည် သူတို့နှင့် အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများသို့ သွားရောက်ကာ လမ်းပြမြေပုံအကြောင်းကို ချပြခြင်း၊ ငြိမ်းချမ်းရေးယူထားသော အဖွဲ့အစည်းများအတွင်း သွေးခွဲခြင်းလုပ်ငန်းများကို လုပ်ခဲ့ပါသည်။ ကေအိုင်အို၏အခြေအနေက ဤအချက်ကို အထိုင်အမာ သက်သေထူပြနေပါသည်။

မြန်မာနိုင်ငံ၏ အခြေအနေမှာအဘက်ဘက်တွင် ယိုယွင်းပျက်ဆီးနေသည်ကို လူတိုင်းအသိပင် ဖြစ်ပါသည်။ ဤသို့ ဖြစ်နေသည်မှာ စစ်အာဏာရှင်တို့၏ မှားယွင်းဖောက်ပြန်သော ပေါ်လစီများကြောင့်သာ ဖြစ်ပါသည်။ ယခုဆိုလျှင် စစ်အာဏာရှင်တို့က မြန်မာနိုင်ငံတွင် ဖြစ်နေသည်မှာ ဥရောပသမဂ္ဂဝင်နိုင်ငံများနှင့် အမေရိကန်အစိုးရတို့၏ စီးပွားရေးအရ ပိတ်ဆို့မှုကြောင့် ဖြစ်သည်ဟု ဝေဖန်သလိုလိုနှင့် ထိုအစိုးရများအား စစ်အစိုးရနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံကို ကူညီကြပါဟု အသနားခံနေရသည့် အခြေအနေသို့ ဆိုက်ရောက်နေပါပြီ။

စစ်အစိုးရသက်တမ်း ကုန်ဆုံးတော့မည့်အချိန်မှာ မဝေးလှတော့ပါ။ ဤအခြေအနေအောက်တွင် တပြည်လုံးရှိ လူမျိုးပေါင်းစုံ ပြည်သူလူထု အနေနှင့်သာ မိမိတို့အချင်းချင်း စိတ်ဝမ်းမကွဲကြဘဲ အချင်းချင်း မာနမထားကြဘဲ တလုံးတစည်း တသံတည်းဖြင့် ညီညီညွတ်ညွတ် တိုက်ပွဲဝင်ကြဖို့ အထူးအရေးကြီးလှပါသည်။

သို့နှင့်ပြည်သူလူထုတရပ်လုံးအား စည်းလုံးညီညွတ်ကြပါရန် အလေးအနက် တောင်းပန်အပ်ပါသည်။ လတ်တလောအားဖြင့် မြန်မာနိုင်ငံအား အသွင်ပြောင်းနိုင်ရေးအတွက် အောက်ပါအချက် (၃) ချက် လိုအပ်သည်ဟု ယူဆမိပါသည်။ ၎င်းတို့မှာ ——

(က) ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ အပါအဝင် နိုင်ငံရေးအကျဉ်းသားများအား ခြွင်းချက်မရှိ အမြန် ဆုံးလွှတ်ပေးရန်။

(ခ) ပြည်သူလူထုကြီးက တခဲနက်မဲအများဆုံးဖြင့် ရွေးခြယ်ထားသော ကိုယ်စားလှယ်များအား လွှတ်တော်အမြန်ဆုံးခေါ်ယူခွင့် ပေးရန်၊

(ဂ) တရားဥပဒေစိုးမိုးရေးအတွက် ဒီပဲယင်းကိစ္စကို သမာသမတ်ကျသော လူပုဂ္ဂိုလ်များပါဝင်သည့်ကော်မရှင်က စုံစမ်းစစ်ဆေးရန်။

ဤအချက် (၃) ချက်ကို စစ်အာဏာရှင်တို့ထံမှ အခွင့်အရေး တစုံတရာကို မျှော်မှန်းနေကြသူ အနည်းစုမှလွဲ၍ ကျန်လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးက ထောက်ခံလက်ခံကြလိမ့်မည်ဟု ယုံကြည်ပါသည်၊

(၅) စစ်အာဏာရှင်အစိုးရက သူတို့အာဏာတည်မြဲရေးကို အထောက်အကူဖြစ်စေမည်ဟူသော စိတ်ကူးဖြင့် တပ်မတော်ကို တိုးချဲ့ဖွဲ့စည်းထားပါသည်။ တပ်အင်အားမှာ လေးသိန်းခန့်ရှိသည်ဟု သိရပါသည်။ တပ်မတော်ထဲတွင် အမျိုးအစား အမျိုးမျိုးကွဲပြားနေသည်ကို တွေ့နေရပါသည်။

(က) ပြည်ပရန်ကိုကာကွယ်ရန် ပြည်ချစ်စိတ်ဓာတ်ဖြင့် ဝင်ရောက်အမှုထမ်းသူများ၊
(ခ) စစ်အာဏာရှင်တို့က အတင်းအဓမ္မဖမ်းဆီးပြီး တပ်ထဲအသွင်းခံရသူများ၊
(ဂ) အလုပ်လက်မဲ့ဖြစ်နေ၍ မိမိတို့စားဝတ်နေထိုင်ရေးအတွက် ဝင်ရောက်လာကြသူများ။
(ဃ) စစ်အာဏာရှင်များထံမှ စားကြွင်းစားကျန်အချို့စားရရန် မက်မောနေသူများ (အနည်းစုသာ ဖြစ်ပါသည်။)

စစ်အစိုးရအနေနှင့် သူတို့အာဏာတည်မြဲရေးအတွက် သူတို့ခိုင်းသလိုလုပ်စေလို၍ တပ်သားများအား လူစိတ်ပျောက်အောင် ပုံစံအမျိုးမျိုးဖြင့် ပုံသွင်းနေပါသည်။

သို့သော် တပ်မတော်သားများမှာ လူသားများ ဖြစ်ကြပါသည်။ သူတို့၏ လက်ရှိခံစားနေရသောဘဝ နေ့စဉ်နှင့်အမျှ ထိတွေ့နေရသော သူတို့၏ မိဘဆွေမျိုးများအပါအဝင် ပြည်သူလူထုဘဝကို သိမြင်လာကြပြီး လူသားများပီပီ လူစိတ်ရှိလာကြပြီး စစ်အာဏာရှင်တစု၏ ကောင်းကျိုးအတွက် မိမိတို့၏မိဘပြည်သူများအား သတ်ဖြတ်သည့်လုပ်ငန်းကို ဆန့်ကျင်လာကြလိမ့်မည် ဟု ယုံကြည်မိပါသည်၊ ပြည်သူ့သားကောင်းများပီပီ ပြည်သူ့အကျိုးကို ဆောင်ရွက်ကြသူများ ဖြစ်လာကြလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။

ဖြ။ မကြာမီက အင်အယ်လ်ဒီအဖွဲ့ဝင်အချို့ကို လွှတ်ပေးခြင်း၊ လမ်းပြမြေပုံကိုထုတ်ပြန်ခြင်းတို့ကြောင့် အချို့က မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းသို့ ချီတက်ရာတွင် အသင့်အတင့်တိုးတက်လာနေသည်ဟု ပြောဆိုရေးသားလာနေကြပါသည်။

တကယ့်ဖြစ်ရပ်မှာ တဖက်က နိုင်ငံရေးအကျဉ်းသားအချို့ကိုလွှတ်ပြီး အခြားတဖက်က နေ့စဉ်နှင့်အမျှ ဖမ်းဆီးနေခြင်း။

ဒီနေ့တယောက်လွှတ်၊ နောက်တနေ့တယောက်ဖမ်း လုပ်နေခြင်း၊

တကိုယ်တော်ဆန္ဒပြသော ကျောင်းသားလူငယ်များအား ဖမ်းဆီးပြီး နှစ်ရှည်ထောင်ချခြင်း၊

ဘောလုံးသမားသမဂ္ဂထူထောင်သူကို အနှစ် (၂၀) ထောင်ချခြင်း၊

ဗိုလ်သန်းရွှေ၏ တချက်လွှတ်အမိန့်ဖြင့် နိုင်ငံခြားသို့ ဆန်တင်ပို့ရေးကိုပိတ်ပင်သဖြင့်လယ်သမားများ ဒုက္ခရောက်နေရခြင်း။

အတင်းအဓမ္မလုပ်အားဆွဲနေခြင်း။ ရွာများပြောင်းရွှေ့ခြင်းတို့ကြောင့် လူထုတရပ်လုံးမှာအတိဒုက္ခရောက်နေကြရခြင်း။

**အင်အယ်လ်ဒီ ပါတီဝင်အချို့အား လွှတ်ပေးစေကာမူ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ဘာကြောင့် မလွှတ်သလဲဆိုသည်မှာ စဉ်းစားစရာပြဿနာ ဖြစ်နေပါသည်။ သူတို့မှာအာဏာရှင်တို့၏ လက်ခုပ်ထဲမှရေလို ဖြစ်နေကြရာ သူတို့၏ အသက်အန္တရာယ်ကိုပါ စိုးရိမ်နေရသည့်အခြေအနေ ဖြစ်ပါသည်။**

ဤအခြေအနေမျိုးရှိပါလျက် မြန်မာနိုင်ငံတွင် တိုးတက်မှုအသင့်အတင့်ရှိသည်ဟု ရေးနေသည်မှာ ဘာရည်ရွယ်ချက်နဲ့ ရေးနေသလဲဆိုသည်ကို စဉ်းစားစရာ ဖြစ်နေပါသည်။

၇။ ချုပ်ပြောရလျှင် နှစ်ပေါင်း (၅၀) ကျော် တိုက်ပွဲဝင်လာပြီး နိုင်ငံရေးအရ ရင့်ကျက်လာသူများ ဖြစ်လာကြပြီဖြစ်သဖြင့် စစ်အုပ်စု၏ လိမ်ညာလှည့်ဖြားမှုများကို မယုံကြည်ကြဘဲ စစ်အစိုးရတောင်ထားသော ထောင်ချောက်ထဲသို့ မဝင်မိစေဘဲ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် စစ်အာဏာရှင်အစိုးရအား ဖယ်ရှားပစ်ရန် ကြိုးစားကြစေချင်ပါသည်။

အစိုးရထံမှ အခွင့်အရေးတစုံတရာရရေးကိုမျှော်မှန်းနေသူ (ရောမအနည်းစု) မှတပါး ကျန်ပြည်သူလူထုတရပ်လုံးမှာ စစ်မှန်သည့် ဒီမိုကရေစီ ထွန်းကားသော၊ အေးချမ်းသာယာဝပြောသော လူမျိုးတိုင်းတန်းတူအခွင့်အရေးရှိသော၊ တရားဥပဒေစိုးမိုးသော ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်ရေးကို လိုလားကြသည်မှာ လုံးဝသံသယရှိစရာ မလိုပါ။

သို့ကြောင့် အထက်တွင်ဖော်ပြခဲ့သော အချက် (၃) ချက် အမြန်ဆုံးရရှိရေးအတွက် စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ကြပါရန် တိုက်တွန်းအပ်ပါသည်။ အချိန်ကိုအလဟဿ မဖြုန်းကြပါနဲ့ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် စည်းလုံးညီညွတ်ကြပါရန် အလေးအနက်တောင်းဆိုအပ်ပါသည်။

# သမိုင်းသစ်ကို ဝင်ရောက်ရေးသားကြ

နအဖသည် သူ၏လမ်းပြမြေပုံအတိုင်း ဆက်လက်စခန်းသွားနေပါသည်။ အမျိုးသားညီလာခံအတွက် ဗိုင်းပြင်းနေပါသည်။ ဗမာပြည်နိုင်ငံရေးအင်အားစုအသီးသီးကလည်း ၎င်းကိစ္စအပေါ် သဘောထားဖော်ပြနေကြသည်။ အမျိုးသားညီလာခံကို တချို့အင်အားစုများက ဆန့်ကျင်သည်။ တချို့က မတက်ဟု ဆိုသည်။ တချို့က ခြွင်းချက်ဖြင့် ထောက်ခံသည်။ သဘာဝကျပါသည်။ ဗမာပြည်နိုင်ငံရေးအင်အားစုများသည် တဖွဲ့နှင့်တဖွဲ့ အနေအထားချင်း မတူညီကြပါ။ အကျိုးစီးပွားချင်း မတူညီကြပါ။ အတန်းအစားချင်း မတူညီကြပါ။ ထို့ကြောင့် အမျိုးသားညီလာခံအပေါ် ဖော်ပြချက်အမျိုးမျိုးဖြင့် တုံ့ပြန်နေကြခြင်းပင်။ နအဖအားလုံးလုံးလျားလျား ထောက်ခံသည့်အဖွဲ့လည်း ရှိနိုင်ပါသည်။ သို့ရာတွင် အတိုက်အခံနိုင်ငံရေးအင်အားစု အများပိုင်းအနေဖြင့် အခြေခံမူအရမကွဲမှသာ ဒီမိုကရေစီအရေးတော်ပုံကို တဆင့်တိုးတက်လှမ်းနိုင်ပါလိမ့်မည်။ ဗမာပြည်နိုင်ငံရေးအင်အားစုများတွင် ညီညွတ်နေသင့်သည့် အခြေခံမူမှာ အနာဂတ်ဗမာပြည်၏ အကျိုးစီးပွားအတွက် ပြတ်ပြတ်သားသား ရပ်ခံရေး ဖြစ်ပါလိမ့်မည်။

နအဖ ၏ အမျိုးသားညီလာခံ အောင်မြင်ရေး – မအောင်မြင်ရေးသည် ဗမာပြည်သူများအတွက် အရေးကြီးပါသည်။ ဤအမျိုးသားညီလာခံကို နအဖ က ကြိုးကိုင်ပြီး သူတို့ရည်မှန်းချက်ဆီသို့ အောင်မြင်စွာ ဆွဲခေါ်သွားနိုင်သည်ဆိုလျှင် စစ်အုပ်စုမင်းဆက်က အနာဂတ်ဗမာပြည်ကို အချိန်အကန့်အသတ်မရှိအုပ်စိုးခြယ်လှယ်သွားတော့မည်။ တိုင်းပြည်အကျိုးနည်းတော့မည်။ ပြည်သူများ ဒုက္ခတွင်းနက်ထဲ နစ်သထက်နစ်တော့မည်။

ဗမာပြည်၏ အနာဂတ်အကျိုးစီးပွားအတွက် ရပ်တည်လိုသော နိုင်ငံရေးအင်အားစုများအနေဖြင့် နအဖ၏ အမျိုးသားညီလာခံကို ဆန့်ကျင်ရာတွင် ကြွယ်ဝသော တိုက်ပွဲနည်းပရိယာယ်များကျင့်သုံးနိုင်ရေးအတွက် ကြံဆသင့်ပါသည်။ အထိရောက်ဆုံးတိုက်ပွဲပုံသဏ္ဌာန်ကို စဉ်းစားတီထွင်သင့်ပါသည်၊ ဤလုပ်ငန်းမှာ မလွယ်ပါ၊ သို့ရာတွင် ပန်းပေါ်ကျရောက်လာသော သမိုင်းပေးတာဝန်ဖြစ်နေပါပြီ။

လူသားတို့သည် သမိုင်းကို မိမိတို့ဆန္ဒအတိုင်း စိတ်တိုင်းကျရေးနိုင်ကြသည် မဟုတ်ပါ။ မိမိတို့ကိုယ်တိုင်တာသာ ရွေးခြယ်ထားသော အခြေအနေအောက်မှာ ရေးနိုင်သည်လည်း မဟုတ်ပါ။ အတိတ်က လက်ဆင့်ကမ်းပေးလိုက်ပြီး မျက်မှောက်ကာလမှာ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေများအောက်မှာသာ သမိုင်းကို ရေးကြရပါသည်။

မျက်မှောက်ပြည်သူပြည်သားများအနေဖြင့် အခြေအနေသစ်ကို တော်လှန်ဖန်တီးရာတွင် (သို့မဟုတ်) အကျပ်အတည်းများနှင့်ရင်ဆိုင်နေရပြီး တိုက်ပွဲဝင်ဖို့ အခြေအနေက အပူတပြင်း တောင်းဆိုလာချိန်တွင် အတိတ်အတွေ့အကြုံမှ စိတ်ဓာတ်၊ လုပ်ဟန်နှင့် နည်းပရိယာယ်တို့ကို ပြန်လည်ထုတ်သုံးရပါသည်။ အတွေ့အကြုံကို လူသားတို့အသုံးချလေ့ရှိသည့် ပုံစံတခုပင် ဖြစ်ပါသည်။

မျက်မှောက်သမိုင်းသည် အတိတ်သမိုင်းနှင့် ဘယ်တော့မှ တထပ်တည်းမကျပါ။ ထို့ကြောင့် အတိတ်သမိုင်းကို မျက်မှောက်တွင် ပုံတူကူးချ၍ မဖြစ်ပါ။ သို့ရာတွင် အတိတ်သမိုင်းကို ဆင်ခြင်သုံးသပ်သင့်ပါသည်၊ အတွေ့အကြုံနှင့် သင်ခန်းစာများ ရယူသင့်ပါသည်။

စဉ်းစားနိုင်ရန် သမိုင်းအဖြစ်အပျက်တရပ်ကို ဖော်ပြလိုပါသည်။ နိုင်ငံရေးလိုက်စားသူတိုင်း၊ သမိုင်းလေ့လာသူတိုင်း သိပြီးဖြစ်မည့် ပြင်သစ်ပြည်နေရှင်တော်လှန်ရေးမှ အဖြစ်အပျက်အရေးအခင်းတခု အကြောင်းပင်ဖြစ်ပါသည်။

ပြင်သစ်ပြည်မှာ "လူဝီ – ၁၆" ဘုရင်အုပ်စိုးချိန် ဖြစ်ပါသည်၊ လူဝီ – ၁၆သည် သက်ဦးဆံပိုင် အာဏာရှင်စနစ်ကို တင်းတင်းကျပ်ကျပ် ကျင့်သုံးနေသည့်ကာလ ဖြစ်ပါသည်။ သူ၏ဘဏ္ဍာရေးဝန်ကြီး (၃) ဦးအနက် တဦးဖြစ်သူ ကလုန်း (Callonne) က အခွန်တော်အသစ်ကောက်ခံဖို့ ဥပဒေမူကြမ်းတခု ရေးဆွဲတင်ပြလိုက်ပါသည်။

ထိုအချိန်က အခွန်အတုတ်များသည် လူထုအပေါ် အတော့်ကိုဝန်ပိနေတာပါ။ ၁၇၇၄ ခုနှစ်ကနေ ၁၇၈၉ ခုနှစ်အထိ ၁၅ နှစ်အတွင်း အခွန်တော် ၃ ဆတိုးခဲ့ပါသည်။

လူထုကမကျေမနပ် ဖြစ်နေရုံသာမက ပဒေသရာဇ်တွေကလည်း မကျေနပ်တော့ပါ။ နေရှင်လူတန်းစား ဖြစ်ထွန်းတိုးတက်ရာ လမ်းခရီးတွင် ဘုရင့်အာဏာရှင်စနစ်က အတားအဆီးဖြစ်နေသဖြင့် မုချဖယ်ရှားပစ်ရတော့မည် ဖြစ်ပါသည်။

ကလုန်း၏ အခွန်တော်သစ်ဥပဒေကြမ်းတင်ပြချက်ကို ဘုရင်က သဘောတူလိုက်ပါသည်။ ၎င်းဥပဒေမူကြမ်းကို ဘုရင်ကရွေးခြယ်ခန့်ထားသည့် ပုဂ္ဂိုလ်များအဖွဲ့ **(Assembly of Notable)** သို့ တင်ပြလိုက်သည်။ ၎င်းဥပဒေမူကြမ်းကို **(Assembly of Notable)** အဖွဲ့က ပယ်ချခဲ့သည်။ ပြည်သူ့လွှတ်တော် **(Estate General)** ကို ဆင့်ခေါ်ပေးဖို့ ထိုအဖွဲ့က တောင်းဆိုလိုက်သည်။

"လူဝီ – ၁၆" ကပြည်သူ့လွှတ်တော် မခေါ်ချင်ပါ။ ၁၆၁၄ ခုနှစ်မှ စတင်ပြီး ဘုရင်အဆက်ဆက်တို့က ပြည်သူ့လွှတ်တော်ကို မခေါ်ဘဲထားခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က သက်ဦးဆံပိုင် ဘုရင့်အာဏာကို ထိပါးသည်ဟု ထင်ကြ၍ဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် အတန်းအစားကြီး **(Estate)** ၃ ရပ်ကို အခြေခံပြီး ဖွဲ့စည်းထားသည့် လွှတ်တော် (၃) ရပ်ပါဝင်သည်။

ပထမလွှတ်တော်တွင် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ ပါဝင်ကြ၏။ အထက်လွှာဘာသာရေး အင်အားစုက မြေယာသီးစား ချုံ့မက အခွန်ကောက်ခွင့်ပါ ရရှိထားသူများ ဖြစ်သည်။ ဘာသာရေးအောက်လွှာတွင် ပါဝင်ကြသူများမှာ ကျေးလက်မှာနေထိုင်ပြီး ဆင်းရဲ နွမ်းပါးကြသည်။

ဒုတိယလွှတ်တော်တွင် ပါဝင်ကြသူများမှာ ပဒေသရာဇ်လူတန်းစား အဟောင်းနှင့်အသစ်။

တတိယလွှတ်တော်တွင်ကား အသိပညာရှင် အတတ် ပညာရှင်တို့အပါအဝင် ဓနရှင် လူတန်းစား၊ မြို့နေအလုပ်သမား၊ မြို့နေ ဆင်းရဲသားများနှင့် တောင်သူလယ်သမားတို့ ပါဝင်ကြသည်။ ဤအတန်းအစားဝင်တို့မှာ အခွန် ထမ်းများ ဖြစ်ကြပြီး သက်ဦးဆံပိုင် ဘုရင်စနစ်ကို မကျေနပ်သလို အခွန်သစ်ဥပဒေမူကြမ်းကိုလည်း လက်မခံနိုင်ကြပါ။

လွှတ်တော်ကျင်းပရာတွင် ဤ လွှတ်တော် (၃) ရပ်စလုံး တပေါင်းတည်း ကျင်းပ ရသည်မဟုတ်ပါ။ လွှတ်တော်တခုစီ ခွဲကျင်းပ ရသည်။ လွှတ်တော်တခုကို မဲတမဲ – ပေါင်း မဲ ၃ မဲ မှာ၊ မဲများတဲ့ဆုံးဖြတ်ချက်က အနိုင်ရပါသည်။ ဘုရင်နှင့် အကျိုးစီးပွား တသားတည်းကျသည့် ပထမလွှတ်တော်နှင့် ဒုတိယလွှတ်တော်တို့၏ မဲ ၂ မဲဖြင့် တတိယလွှတ်တော်ကို အနိုင်ရစမြဲပါ။ ဤသို့ အနိုင်ရအောင် ချည်တုပ်ထားပါသည်။ (နအဖ၏ အမျိုးသားညီလာခံတွင် သူတို့ရွေးခြယ် ထားသည့် ကိုယ်စားလှယ်အင်အားဖြင့် အသာစီးရအောင် လုပ်ထားပုံမျိုးပင် ဖြစ်ပါသည်။)



ဘာစတီးထောင်ကို ဝင်ရောက်စီးနင်းစဉ်

တတိယလွှတ်တော်တွင် ပါဝင်သည့် ပြည်သူ့ကိုယ်စားလှယ်များက ဤတကြိမ်လွှတ်တော်တွင် ယခင်ကလို အရှုံးမခံနိုင် တော့ပါ။ ဤအဖြစ်ကို တော်လှန်ပြောင်းလဲပစ်ရန် ဆုံးဖြတ်ထားကြပါသည်။

ရင်းအပြင် (၁၇၈၄ မှ ၁၇၈၉) ခုနှစ်အတွင်း ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းကပ် ဆိုက်ခဲ့ပါသည်။ ၁၇၈၈ ခုနှစ်တွင် သီးထွက်ကျဆင်း၊ မိုးသီးတွေကျ မုန်တိုင်းဒဏ်လည်းခံကြရရာ လူထုထမင်းငတ်နေကြရသည့် အချိန်ဖြစ်ပါသည်။

ထို့ကြောင့် ၁၇၈၉ ခုနှစ် တနှစ်ထဲအတွင်းမှာပင်လျှင် လယ်သမားနှင့် မြို့နေဆင်းရဲသားတို့၏ အုံကြွတော်လှန်မှုများ အကြိမ် (၃၀၀) အထိ ပေါ်ခဲ့သည်။

အလုပ်သမားတို့၏ ကြွေးကြော်သံမှာ "ဓနရှင်များကို ချေမှုန်းကြ" "ပဒေသရာဇ်များကိုချေမှုန်းကြ" "မှောင်ခိုသမားများကို ချေမှုန်းကြ" "ဘာသာရေးထိပ်သီးများကို ချေမှုန်းကြ" ဟူ၍ဖြစ်ပါသည်။ ပိုစတာများလည်း ကပ်ကြသည်။ (လူတန်းစားအလိုက် တောင်းဆိုချက်နှင့် ကြွေးကြော်သံများ မတူခဲ့ကြပါ။ သို့ရာတွင် နောက်ဆုံး၌ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ညီညွတ်ခဲ့ကြပါသည်။)

တတိယအတန်းအစားအတွင်းမှ လူတန်းစားအသီးသီးတို့သည် အစည်းအဝေးပွဲများ ကျင်းပကြသည်။ သူတို့၏ တောင်းဆိုချက်များကို ကိုယ်စားလှယ်လွှတ်ပြီး တင်ပြကြသည်။ တပြည်လုံး ဒေသအသီးသီးတွင်လည်း စည်းရုံးလှုံ့ဆော်မှုများ လုပ်ခဲ့ကြသည်။

'လူဝီ – ၁၆' သည် လွှတ်တော်ခေါ်ပေးဖို့ ငြင်းဆန်နေရုံမက အထူးခုံရုံးကိုဆင့်ခေါ်ပြီး အခွန်တော်သစ် ဥပဒေမူကြမ်းကို အတည်ပြုလိုက်သည်။ ထို့ကြောင့် လူထုမကျေနပ်မှုများ၊ အတိုက်အခံအဖွဲ့များ၏ တောင်းဆိုမှုများ ပြင်းထန်လာပြီး လွှတ်တော်ကို မခေါ်လျှင် မဖြစ်တော့သည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။

ထို့ကြောင့် 'လူဝီ – ၁၆' သည် ၁၇၈၉ ခုနှစ် မေလ ၁ ရက်နေ့တွင် လွှတ်တော်ကို ဆင့်ခေါ်လိုက်ရသည်။

လူတန်းစားအသီးသီးသည် လွှတ်တော်အပေါ် ကိုယ့်မျှော်လင့်ချက်နှင့်ကိုယ်ပါ။

ပဒေသရာဇ်တွေက အစဉ်အလာအတိုင်း လွှတ်တော် (၃) ရပ် ခွဲကျင်းပပြီး မဲအသာစီးဖြင့် တတိယလွှတ်တော်ကို အပိုင်ထုရန် ကြံရွယ်သည်။

တတိယလွှတ်တော်က [လွှတ်တော် ၃ ရပ် တပေါင်းတည်း ကျင်းပရေး၊ ကိုယ်စားလှယ်တဦးချင်း မဲပေးခွင့်ရရေး၊ လွှတ်တော်တွင် ကိုယ်စားလှယ် အရေအတွက် တညီတည်းဖြစ်ရေး] တို့ကို တင်ပြသည်။ အမှန်က တတိယလွှတ်တော်မှာ လူဦးရေ ၈၀ ရာနှုန်းကျော်ကို ကိုယ်စားပြုသဖြင့် ကိုယ်စားလှယ် အရေအတွက် ပိုရသင့်သည်။ (နအဖ၏ ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ပုံနှင့် နှိုင်းယှဉ်ကြည့်သင့်ပါသည်။)

တောင်းဆိုချက်များ ပြင်းထန်လာသဖြင့် ဘုရင်က တတိယလွှတ်တော်၏ ကိုယ်စားလှယ်ဦးရေကို (၆၀၀) အထိ တိုးမြှင့်ပေးလိုက်ရသည်။ သို့ရာတွင် လွှတ်တော် (၃) ရပ်တပေါင်းတည်း ကျင်းပရေးကို အချိန်ရွှေ့ဆိုင်းထားလိုက်သည်။

ပဒေသရာဇ်များက လွှတ်တော်များ ခွဲကျင်းပဖို့နှင့် လွှတ်တော်အလိုက် သီးခြားမဲပေးဖို့ ဆက်လက်ရပ်ခံခြင်းဖြင့် သူတို့အကျိုးစီးပွားကို ကာကွယ်သည်။ တတိယလွှတ်တော်ကလည်း လွှတ်တော် (၃) ရပ်တပေါင်းတည်းကျင်းပရေးဆိုသည့် မူအပေါ်မှာ ကြံ့ခိုင်စွဲမြဲစွာ ဆက်လက်ရပ်တည်ပါသည်။

ဗာဆေး (Versailles) နန်းတော်မှာ လွှတ်တော် (၃) ရပ် သီးခြားကျင်းပကာ အငြင်းအခုံဖြစ်နေကြရင်း အချိန်တလကျော် ကြာသွားသည်။ ဘာမှ မပြီးပြတ်ပါ။ "မပြီးပြတ်" ဆိုသည်မှာ တတိယလွှတ်တော်၏ တောင်းဆိုချက် ဘာမှမရသည့် အဓိပ္ပာယ်ပါပဲ။

ထို့ကြောင့် တတိယအတန်းအစားဖြစ်သည့် ပြည်သူများဘက်မှ မတတ်သာတော့ဘဲ နောက်ခြေလှမ်းသစ်တရပ်ကို စတင်လိုက်ပါသည်၊ ဇွန်လ ၇ ရက်နေ့တွင် ဆန္ဒမဲဖြင့်ဆုံးဖြတ်ပြီး တတိယလွှတ်တော်ကို အမျိုးသားလွှတ်တော် (National Assembly) အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ပြီး ကြေညာချက်လည်း ထုတ်လိုက်သည်။

ဤသည်မှာ (၁၇၈၉) တော်လှန်ရေး၏ ပထမခြေလှမ်းပင်ဖြစ်၏။

ဘုရင့်ဘက်ကလည်း ဗာဆေးနန်းတော်မှာ အမျိုးသားလွှတ်တော် မကျင်းပနိုင်အောင် အစည်းအဝေးခန်းမများ ပိတ်ပစ်လိုက်ခြင်းဖြင့် တုံ့ပြန်သည်။ သို့ရာတွင် တော်လှန်သည့်လူထုတွင် ကြွယ်ဝသည့် နည်းနာများရှိသည်။ တီထွင်ဖန်တီးတတ်သည်။ လူထုသည် ဗာဆေးနန်းတော်အနီးရှိ တင်းနစ်ကစားကွင်း တခုတွင် အမျိုးသားလွှတ်တော်အစည်းအဝေးများ ဆက်လုပ်ကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲမပြီးသေးသရွေ့ အမျိုးသားလွှတ်တော်ကို ရပ်သိမ်းခြင်းမပြုဟု ကိုယ်စားလှယ်များက ဆန္ဒမဲပေးကာ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည်။ တခြားလွှတ်တော် (၂) ရပ်ကိုလည်း အမျိုးသားလွှတ်တော်နှင့် လာပေါင်းဖို့ ဖိတ်ခေါ်သည်။ ရန်သူ့အင်အားကို ဖြိုခွဲပြီး မိမိအင်အားတိုးချဲ့ဖို့ ကြိုးစားသည့်နည်းနာ ဖြစ်၏။

တပတ်အကြာ ပထမလွှတ်တော်မှ အောက်လွှာသာသနာ့ဝန်ထမ်းများ လာရောက်ပူးပေါင်းကြသည်။ အုပ်စိုးသူများအတွင်းမှာလည်း ပဋိပက္ခတွေ ကြီးထွားလာသည်။

ဘုရင်က အမျိုးသားလွှတ်တော်ကိုဖြိုခွဲရန် တပ်များစုစည်းပြင်ဆင်လာသည်။ အုပ်စိုးသူက အကြမ်းဖက်ရေးလမ်းကြောင်းကို စတင်ရွေးချယ်ခဲ့ခြင်း ဖြစ်၏။ အမျိုးသားလွှတ်တော်က တပ်များရုပ်သိမ်းပေးဖို့ တောင်းဆိုသည်။ ဘုရင်က ငြင်းဆန်နေသဖြင့် လူထုက တော်လှန်ရေးလမ်းကြောင်းပေါ်သို့ တဆင့်တိုး တက်လှမ်းလိုက်သည်။

၁၇၈၉ ခုနှစ် ဇူလိုင် ၁၂ ရက်နေ့၊ ပါရီမြို့လူထုချီတက်ပွဲ။

၁၇၈၉ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့၊ လူထုပုန်ကန်မှု။

ပါရီလူထုသည် လက်နက်များစွဲကိုင်ပြီး အကြမ်းဖက်မှုကို အကြမ်းဖက်နည်းလမ်းဖြင့် တုံ့ပြန်လိုက်ကြသည်။ ဇူလိုင် ၁၄ ရက်နေ့တွင် ဘာစတီး (Bastille) အကျဉ်းထောင်မှအပ ပါရီတမြို့လုံး လူထုလက်ထဲရောက်လာပြီ။

ဘာစတီးထောင်တွင် လူထုခေါင်းဆောင်များ၊ နိုင်ငံရေးအကျဉ်းသားများ ရှိနေကြသည်။ လူထုသည် ကျုံးကိုရေကူးဖြတ်ကြပြီး ဘာစတီးထောင်ကို သိမ်းပိုက်လိုက်ကြသည်၊ ဘာစတီးထောင်ကျဆုံးခြင်းသည် ဘုရင်၏ အကြွင်းမဲ့အာဏာရှင်စနစ် ကျဆုံးခြင်းပင်ဖြစ်၏။ (ယင်းဇူလိုင် ၁၄ ရက်နေ့ကို ပြင်သစ်နိုင်ငံ၏ အမျိုးသားနေ့အဖြစ် ယခုတိုင်သတ်မှတ်ထားသည်။)

လူထုက အမျိုးသားကာကွယ်ရေးတပ် (National Guadrs) ကို ဖွဲ့စည်းသည်၊ ဒုတိယလွှတ်တော်ကလည်း အမျိုးသားလွှတ်တော်နှင့် လာပေါင်းသည်။ ဘုရင်လည်း မတတ်သာတော့ဘဲ အမျိုးသားလွှတ်တော် အမျိုးသားကာကွယ်ရေးတပ်နှင့် တတိယအတန်းစားမှ ကိုယ်စားလှယ်များပါဝင်သည့် ပါရီမြို့အုပ်ချုပ်ရေးကော်မတီတို့ကို အသိအမှတ်ပြုရတော့သည်။ သို့ရာတွင် တဖက်မှ သူ့အာဏာကို ပြန်ထိန်းသိမ်းရန် ကြိုးစားမှုများ ဆက်လုပ်သည်။

တပြည်လုံးတွင် လယ်သမားပုန်ကန်မှုများ မီးပွားပမာ ပျံ့နှံ့တောက်လောင်လာသည်။ ပြည်သူများသည် ၂ လ အတွင်း အောင်ပွဲများဆက်တိုက်ရနေသဖြင့် ပဒေသရာဇ်များ ပြည်ပထွက်ပြေးကြသည်။ အရင်းရှင်ကြီးများကား လူထုအုံကြွမှုကိုကြောက်ရွံ့ကာ ယိမ်းယိုင်နေကြသည်၊ ဘုရင့်အစိုးရမှာ တိုင်းပြည်ကို ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့။ အမျိုးသားလွှတ်တော်က ငြိမ်ဝပ်ပိပြားရေးကို တာဝန်ယူလိုက်ရသည်။

အောင်ပွဲဖြင့် အမျိုးသားလွှတ်တော်ကာလကို စတင်ဖွင့်လှစ်လိုက်ပါပြီ။

ပြင်သစ်တော်လှန်ရေးတွင် လှပသည့် တပ်လှန့်ကြွေးကြော်သံတခု ရှိခဲ့သည်။

"အခြေအနေတွေကိုယ်တိုင်က သင်တို့ကို ဖိတ်ခေါ်နေပါတယ်။
ဒီမှာနှင်းဆီတွေလေ...။
ဒီမှာလာရောက်ကခုန်ကြ...။
သင့်စွမ်းဆောင်နိုင်သမျှ
ဒီမှာ ပါဝင်ကပြကြ"... ပါတဲ့။

ဗမာပြည်အခြေအနေကလည်း နိုင်ငံရေးအင်အားစုများနှင့် ပြည်သူလူထုအား ဖိတ်ခေါ်နေပါသည်။

သင်စွမ်းဆောင်နိုင်သမျှ
သမိုင်းသစ်ကိုဝင်ရောက်ရေးသားကြ
တိုက်ပွဲအတွင်းပါဝင်ကြ။ ။

# ဖိလစ်ပိုင်ကွန်မြူနစ်ပါတီသစ်

ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ (CPP) သစ်ဟာ ဖိလစ်ပိုင်ပြည်သူ့စစ်ပွဲကို ဦးဆောင်လျက်ရှိတယ်။ ရည်ရွယ်ချက်ကတော့ ကိုလိုနီတပိုင်း – ပဒေသရာဇ်တပိုင်း မိမိတိုင်းပြည်မှာ ဒီမိုကရေစီသစ်တော်လှန်ရေး အောင်ပွဲရဖို့၊ အဲဒီကတဆင့် ဆိုရှယ်လစ်တော်လှန်ရေးနဲ့ တည်ဆောက်ရေးဆီသို့ ဆက်လက်ချီတက်သွားဖို့ ဖြစ်တယ်။ CPP ရဲ့ကေဒါများ၊ တိုက်ခိုက်ရေးသမားများ၊ ပြည်သူ့တပ်မတော်သစ် (NPA) နဲ့တကွ ကျယ်ပြန့်ကြီးမားလှတဲ့ ပြည်သူလူထုကြီးဟာ စွန့်လွှတ်စွန့်စားမှု အပြည့်နဲ့ ခက်ခဲကြမ်းတမ်းလှတဲ့ လက်နက်ကိုင်တော်လှန်ရေးပြည်သူ့စစ်ပွဲကို ဆက်လက်ဆင်နွှဲလျက် ရှိပါတယ်။

## သမိုင်းအကျဉ်း

✱ ၁၉၃၀ ခု၊ နိုဝင်ဘာ (၇) ရက်နေ့မှာ CPP ကို ထူထောင်တယ်၊ စတင်ထူထောင်သူမှာ ခရစ္စဆန်တို အီဗန်ဂဲလစ္စတာ (Crisanto Evangelista) ဖြစ်တယ်။

✱ ၁၉၃၁ ခု၊ မေလမှာ ပထမအကြိမ်ကွန်ဂရက်ကို ခေါ်ဆိုကျင်းပခဲ့တယ်၊ ၎င်းကွန်ဂရက်မှာ "ဖိလစ်ပိုင်လုပ်သားပြည်သူများသို့ အစီရင်ခံစာ" ကို တင်သွင်းအတည်ပြုတယ်။ တချိန်တည်းမှာ ပါတီရဲ့ အနိမ့်ဆုံးလုပ်ငန်းစဉ်အဖြစ် နယ်ချဲ့စနစ်နဲ့ ပဒေသရာဇ်စနစ်ကို တွန်းလှန်ပြီး လွတ်လပ်တဲ့၊ ဒီမိုကရေစီရှိတဲ့ ဖိလစ်ပိုင်နိုင်ငံထူထောင်သွားရေးကို ဆုံးဖြတ်ပြဌာန်းခဲ့ပါတယ်။

✱ ၁၉၃၈ ခုနှစ်မှာ ဖိလစ်ပိုင်ဆိုရှယ်လစ်ပါတီနဲ့ ပူးပေါင်းပြီး စည်းရုံးရေးအင်အားကို တိုးချဲ့လိုက်ပါတယ်။

✱ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်နေ့ ဂျပန်က ပုလဲဆိပ်ကမ်းကို အလစ်ဝင်တိုက်တဲ့အရေးအခင်း ပေါ်ပေါက်ခဲ့ပြီးနောက် ဂျပန်ခုခံဆန့်ကျင်ရေး ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းရေးကို လှုံ့ဆော်ကာ ဂျပန်ခုခံဆန့်ကျင်ရေး လက်နက်ကိုင်တိုက်ပွဲကို စတင်တယ်။

✱ ၁၉၄၂ ခုနှစ် မတ်လ လကုန်မှာ ဂျပန်ခုခံဆန့်ကျင်ရေး ပြည်သူ့တပ်မတော်ကို ထူထောင်နိုင်တယ်။ အဲဒီနောက် ပြောက်ကျားစစ်ကို အကျယ်အပြန့်ဆင်နွှဲခဲ့ပါတယ်။

✱ ၁၉၄၄ ခုနှစ်ရောက်တော့ အမြဲတမ်းတပ်အင်အား ၂ သောင်းနဲ့ အင်အားတောင့်တင်းတဲ့ အရန်တပ်တွေလဲ ရှိလာတယ်။ လူဦးရေ ၁၀ သိန်းကျော်ရှိတဲ့ ကျယ်ပြန့်တဲ့ဒေသကြီးကိုပင် လွတ်မြောက်နိုင်ခဲ့တယ်၊ တချို့ဒေသတွေမှာ ဒီမိုကရေစီနိုင်ငံရေးအာဏာကိုပင် ထူထောင်ထားနိုင်တဲ့အထိပါ။

✱ ၁၉၅၀ ခုနှစ်အတွင်းမှာ တော်လှန်ရေးလမ်းကြောင်းနဲ့ပတ်သက်ပြီး သဘောထားကွဲ၊ ခွဲထွက်မှုတွေ ပေါ်ပေါက်ခဲ့တယ်၊ အထွေထွေအတွင်းရေးမှူး ဖူမာခါဗာဂါရဲ့ ဦးဆောင်တဲ့အုပ်စုက ဥပဒေတွင်းပါလီမန်တိုက်ပွဲလမ်းကြောင်းကို ရပ်ခံပါတယ်။ ကျန်တဲ့အုပ်စုက မာ့က်စ်လီနင်ဝါဒ ML ကို စွဲကိုင်ပြီး လက်နက်ကိုင်တိုက်ပွဲ ဆက်လက်ဆင်နွှဲသွားရေးလမ်းကြောင်းကို ရပ်ခံပါတယ်။

✱ CPP ဟာ ၁၉၆၀ ခုနှစ်များ အစပိုင်းကတည်းက ဥပဒေတွင်း နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေး လူထုအဖွဲ့အစည်းများကို အလုပ်သမား၊ လယ်သမား၊ လူငယ်၊ အမျိုးသမီးများနဲ့ ပြည်ချစ်ဒီမိုကရက်တစ်စုများအတွင်း စည်းရုံးဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ပါတီပြန်လည်ထူထောင်ရေးအတွက် လူထုအခြေခံ ချပေးခဲ့တယ်။ တချိန်တည်းမှာ လျှို့ဝှက်ကလာပ်စည်း အစည်းအဝေးများအတွင်း <<နိုင်ငံတော်နဲ့ တော်လှန်ရေး>> ဆိုင်ရာ ML သဘောတရားများကို ထက်သန်တက်ကြွစွာ လေ့လာခဲ့ကြတယ်။ ဒါဟာ လူထုကြီးအား ဒီမိုကရေစီလှုပ်ရှားမှုများ ဖြစ်ပေါ်လာဖို့အထိ အကျိုးရှိစေခဲ့တယ်။

✱ ၁၉၆၈ ခု ဒီဇင်ဘာလမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ (ML) အုပ်စုက ကွန်ဖရင့်တရပ်ခေါ်ယူပြီး အာမေဒို ဂွာရဲယို (Armado Guerrero) ဥက္ကဋ္ဌအဖြစ် ခေါင်းဆောင်တဲ့ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီသစ်ကို ထူထောင်ပါတယ်။ "အမှားများကိုပြုပြင်ပြီး ပါတီသစ်ကို ပြန်လည်ထူထောင်ခြင်း" "ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးလုပ်ငန်းစဉ်" နဲ့ "ပါတီဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေသစ်" စတာတွေကို ဆွေးနွေးအတည်ပြုခဲ့တယ်။ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီသစ် (CPP သစ်) ဟာ ဒီမိုကရေစီသစ်တော်လှန်ရေးနဲ့ ဆိုရှယ်လစ်စနစ် တော်လှန်ရေးဆိုင်ရာ အဆင့်များကို သယ်ပိုးထမ်းရွက်သွားရေးကို ပြဌာန်းအတည်ပြုခဲ့ကြတယ်။ ဒီကွန်ဖရင့်ဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်တွေ ဖွင့်လှစ်နိုင်ခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

## ပြည်သူ့တပ်မတော်သစ်ပေါ်ပေါက်လာခြင်း



NPA တပ်ဖွဲ့ဝင်များ

✸ ၁၉၆၉ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှာ **CPP** အသစ်ဟာ "ပြည်သူ့တပ်မတော်သစ်" ဆိုတဲ့စာတမ်းကို အတည်ပြုပြီး ပါတီရဲ့စစ်ရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်တဲ့ ပြည်သူ့တပ်မတော်သစ် (**NPA**) ကို စတင်ထူထောင်တယ်။ စတင်ထူထောင်စဉ်က တပ်အင်အား (၆၀) ခန့်သာ ရှိပါတယ်။ အော်တိုမက်တစ်ရိုင်ဖယ် (၉) လက်၊ အညံ့စားသေနတ် (တလုံးထိုးရိုင်ဖယ်သေနတ်) နဲ့ သေနတ်တို (၂၆) လက်သာ တပ်ဆင်ထားနိုင်ခဲ့တာပါ။ ဒီတပ်မတော်ကို တပ်မှူး 'ဒန်တေ' (**Dante**) က ဦးဆောင်ကာ လူဇုံတောင်တန်းဒေသ အလယ်ပိုင်းနဲ့ ကျေးလက်တွေမှာ လက်နက်ကိုင်ပြည်သူ့စစ်ပွဲကို စတင်ခဲ့တယ်။

✸ **CPP** သစ်ဟာ **NPA** ဖွဲ့ရာတွင် **MLMT** ကို လမ်းညွှန်အတွေးအခေါ်အဖြစ်ထားကာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး (ဒီမိုကရေစီသစ်တော်လှန်ရေး) ရဲ့ အထွေထွေလုပ်ငန်းစဉ်အရ တည်ဆောက်ပါတယ်။ **NPA** အတွင်း ပါတီအစုများ၊ အဖွဲ့ငယ်များ၊ ကလာပ်စည်းများ ထားရှိကာ ပါတီကေဒါများဟာ **NPA** ကို ပါတီရဲ့ အကြွင်းမဲ့ခေါင်းဆောင်မှု အာမခံချက်ရှိအောင် အတွေးအခေါ်အရ နိုင်ငံရေးအရ၊ စည်းရုံးရေးလမ်းစဉ်အရ တည်ဆောက်ကြတယ်။

✸ တချိန်တည်းမှာ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုကို ပါတီနဲ့ တပ်မတော်အတွက် စည်းရုံးရေးမူအဖြစ် ပြဋ္ဌာန်းကျင့်သုံးပါတယ်။

✸ **NPA** ဟာ လက်နက်ကိုင်ပြည်သူ့စစ်ပွဲကို ကိုယ့်အားကိုယ်ကိုးရေးမူအရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာပါ။ ၎င်းရဲ့ အင်အားကြီးထွားလာမှုနဲ့ တိုးတက်ရေ့တန်းရောက်လာမှုဟာ ပြည်သူလူထုရဲ့ ပါဝင်မှုနဲ့ ထောက်ခံမှုကြောင့်ပါပဲ။

✸ **NPA** ရဲ့ တပ်မှူးတပ်သားများဟာ တော်လှန်ရေးတိုက်ပွဲအတွင်းမှာပဲ တိုက်ခိုက်ရေးအတတ်ပညာ (စစ်ပညာ) နဲ့ တိုက်ခိုက်ရေးစွမ်းရည် (စစ်ရေးစွမ်းရည်) တို့ မြင့်မားလာစေဖို့ သင်ယူကြပါတယ်။ တိုက်ရင်းသင်၊ သင်ရင်းတိုက်၊ တပ်မှူးတပ်သား အပြန်အလှန် စုပေါင်းလေ့လာသင်ယူရေးမူအရ ဆောင်ရွက်ကြတယ်။

✸ ၎င်းရဲ့လက်နက် အားလုံးနီးပါးလောက်ဟာ ရန်သူနဲ့ တိုက်ပွဲဝင်ရာက စုဆောင်းရရှိလာခဲ့ကြတာပါ။ လက်နက်တင်သွင်းဖို့ ကြိုးပမ်းမှုအားလုံးဟာ နည်းနည်းမှ အကျိုးမရှိခဲ့ဘူးလို့ပင် ဆိုနိုင်ပါတယ်။ ပြောင်းပြန်ဆိုးကျိုးတွေတောင် ပေါ်ပေါက်ခဲ့ရတယ်။ မျက်မှောက်နိုင်ငံတကာ အခြေအနေအချက်အောက်မှာ အရင်ဘယ်တုန်းကထက်မဆို ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်အရ တော်လှန်ရေးလက်နက်ကိုင် ပြည်သူ့စစ်ပွဲကို ဆင်နွှဲကြရမယ်လို့ **CPP** သစ်နဲ့ **NPA** တို့က မှတ်ယူတယ်။

✸ "အချိန်မကျသေးဘဲ အမြဲတမ်းတပ်ဖွဲ့ချင်တာ" နဲ့ "သေနင်္ဂဗျူဟာတန်ပြန်ထိုးစစ်ဆင်နွှဲချင်တာ" "မြို့ပေါ်သူပုန်ထရေး" စတဲ့ 'လက်ဝဲ' စွန်းစားရေး အချောင်ဝါဒနဲ့ 'ပါလီမန်ဒီမိုကရေစီ' စိတ်ကူးယဉ်တဲ့ လက်ယာအချောင်ဝါဒ အမှားတို့ကြောင့် **NPA** အတွင်း ထိခိုက်မှု အကြီးအကျယ်ရှိခဲ့တယ်။

✸ ဒီအမှားများကို ၁၉၉၂ အမှားပြုပြင်ရေးလှုပ်ရှားမှုအတွင်း ပြုပြင်နိုင်ခဲ့လို့ သိသာထင်ရှားတဲ့ အောင်မြင်မှုများကို ပြန်လည်ရရှိခဲ့ပါတယ်။

✸ **NPA** ဟာ အမေရိကန် – မားကို့စ်အစိုးရရဲ့ ရှည်ကြာတဲ့ ဖက်ဆစ်အုပ်စိုးမှု၊ အမေရိကန် – အကွီနိုအစိုးရရဲ့ အတုအယောင်ဒီမိုကရေစီ အုပ်စိုးမှုတို့ကို ဆန့်ကျင်တဲ့ ပြင်းထန်ကြမ်းတမ်းလှတဲ့ တိုက်ပွဲများအတွင်း အစမ်းသပ်ခံ၊ သံခဲတင်နိုင်ခဲ့တယ်။ ဒီနောက် အမေရိကန် – ရာမို့စ်နဲ့ အမေရိကန် – အက်စထရာဒါ (**Estrada**) အစိုးရများကို ဖျက်သိမ်းသွားစေခဲ့ပြီး တိုက်ပွဲစစ်မြေပြင်မှာလဲ အောင်ပွဲများ ဆက်လက်ရရှိနေပါတယ်။

✸ **NPA** ဟာ အော်တိုမက်တစ်ရိုင်ဖယ်သေနတ် ကိုင်ထားကြတဲ့ အချိန်ပြည့်တပ်သား ထောင်အချို့ရှိသလို၊ အရေအတွက်ပိုမိုများပြားတဲ့ ဒေသခံပြောက်ကျားအင်အားစုများ၊ ပြည်သူ့စစ်များနဲ့ ခေတ်မမီတော့တဲ့ လက်နက်များတပ်ဆင်ထားကြတဲ့ ကိုယ့်ကိုယ်ကို ကာကွယ်ရေးတပ်များလဲ ရှိပါတယ်။ ၁၉၈၃ နှောင်းပိုင်းမှာ **CPP** သစ် ခေါင်းဆောင်တဲ့ **NPA** ဟာ လက်နက်ကိုင်အင်အား ၁ သောင်း ၂ ထောင်ကျော်ထိ ရှိလာပြီး ဖိလစ်ပိုင်တပြည်လုံး ပြည်နယ် (၇၃) ခုရှိတဲ့အနက် ပြည်နယ် (၆၄) ခုမှာ လှုပ်ရှားပြီး ပြည်သူ့ပြောက်ကျားစစ်ပွဲကို ဆင်နွှဲနိုင်ခဲ့တယ်။

* CPP သစ်နဲ့ NPA တို့ဟာ တားလက် (TARLAC) ပြည်နယ်အတွင်းရှိ ယခင်တော်လှန်ရေးအရေးတော်ပုံကို အမွေဆက်ခံထားကြတဲ့ လယ်သမား ၈ ထောင်ခန့်နဲ့ မြို့ပေါ်လူထုအင်အား ၁၅၀၀၀ လောက်ကို အခြေခံစတင်ခဲ့ရတာပါ။ ယခုအခါ ပါတီနဲ့ တပ်မတော်ရဲ့ ကျေးလက်အခြေခံဒေသရှိ လူဦးရေမှာ သန်းအချို့ထိ ရှိနေပြီး၊ ဒေသဆိုင်ရာ နိုင်ငံရေးအာဏာနဲ့ အဖွဲ့အစည်းများ ဖွဲ့စည်းစီမံအုပ်ချုပ်လျက် ရှိနေပါပြီ။ ဒီနိုင်ငံရေးအာဏာနဲ့ဟာ တပြည်လုံးမှာ ဖောက်ပြန်ရေးအစိုးရကို ဖယ်ရှားဖြုတ်ချနိုင်တဲ့အထိ ဆက်လက်ကြီးထွားလာပါလိမ့်မယ်။ နိုင်ငံရေးအာဏာကို တပြည်လုံး သိမ်းပိုက်နိုင်မှသာ ပြည်သူ့ဒီမိုကရေစီသစ်တော်လှန်ရေး (PDR) ကို ကုန်စင်အောင် ဆင်နွှဲနိုင်တာဖြစ်ပြီး ဆိုရှယ်လစ်တော်လှန်ရေးကို စတင်နိုင်ဖို့ ပစ္စည်းမဲ့လူတန်းစားအတွက် အခြေခံနဲ့ အခွင့်အလမ်းများ ရရှိစေနိုင်ပါလိမ့်မယ်။

## တိုက်ပွဲသဏ္ဌာန်များ

* CPP သစ် ဦးဆောင်ဆင်နွှဲနေတဲ့ ဒီမိုကရေစီသစ်တော်လှန်ရေး၊ တနည်း PDR ရဲ့ အဓိကတိုက်ပွဲသဏ္ဌာန်မှာ လက်နက်ကိုင်ပြည်သူ့စစ်ပွဲ ဖြစ်ပါတယ်။ ဒါဟာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဖိလစ်ပိုင်မှာ ခြေဆုံးခေါင်းဆုံး ခေတ်မီမောင်းပြန်လက်နက်မျိုးစုံ တပ်ထားတဲ့ ဖောက်ပြန်တဲ့ အုပ်စိုးသူလူတန်းစားရဲ့ ပကတိတည်ရှိနေတဲ့ ရုပ်ဘဝက ပြဌာန်းပေးလိုက်တာ ဖြစ်ပါတယ်။

* တချိန်တည်းမှာလဲ ဥပဒေတွင်းတိုက်ပွဲသဏ္ဌာန်များကို မပစ်ပယ်ပါဘူး။ ဒီတိုက်ပွဲသဏ္ဌာန်ဟာလဲ မရှိမဖြစ်လိုအပ်တဲ့ တိုက်ပွဲသဏ္ဌာန် ဖြစ်တယ်။ ဒုတိယတိုက်ပွဲသဏ္ဌာန်ဖြစ်တယ်လို့ CPP သစ်က မှတ်ယူတယ်။

* CPP ဟာ ၆၀ ခုနှစ်များကစပြီး ဥပဒေတွင်းတိုက်ပွဲများကို လျို့ဝှက်စည်းရုံးခဲ့တယ်။ (၆၁ မှ ၆၈) ခုနှစ်များအတွင်း ဖြစ်ပွားခဲ့တဲ့ ဥပဒေတွင်းဒီမိုကရေစီလှုပ်ရှားမှုများက အသစ်ပြန်လည်ထူထောင်စ CPP ကို တပြည်လုံးအတိုင်းအတာအရ ကျယ်ပြန့်တဲ့ပါတီ ဖြစ်လာစေခဲ့သလို လူထုအတွင်းမှာလဲ နက်ရှိုင်းစွာ အမြစ်တွယ်နိုင်ခဲ့ပါတယ်။

* ၁၉၆၉ ခုနှစ်မှ စတင်ပြီး CPP ဟာ မြို့ပြအခြေခံတဲ့ ဥပဒေတွင်းဒီမိုကရေစီ လူထုလှုပ်ရှားမှုများနဲ့ ကျေးလက်အခြေခံတဲ့ လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုကို ပေါင်းစပ်ဆင်နွှဲနိုင်ခဲ့တယ်။

* CPP သစ်ရဲ့ အကြွင်းမဲ့ ခေါင်းဆောင်မှုအောက်မှာ NPA က ဆင်နွှဲနေတဲ့ တော်လှန်တဲ့လက်နက်ကိုင်တိုက်ပွဲဟာ ကျေးလက်မှာ အခြေခံ၊ အင်အားစုဆောင်း၊ မြို့များကိုဝိုင်း၊ တစတစနဲ့ မြို့များသိမ်း၊ နောက်ဆုံး တပြည်လုံးအာဏာသိမ်းရေးဆိုတဲ့ ရေရှည်ပြည်သူ့စစ်ပွဲလမ်းကြောင်းအတိုင်း ချီတက်သွားရမယ်လို့ ညွှန်ပြထားတယ်။

ကိုးကား။ (၁) ကမ္ဘာ့ဆိုရှယ်လစ်အဘိဓာန်။
(၂) CPP သစ်က ၂၀၀၀ ခု၊ နိုဝင်ဘာလ (၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ) ကျင်းပတဲ့ ခတ္တမန်ဒူးနိုင်ငံတကာညီလာခံ တင်သွင်းတဲ့စာတမ်း။
(၃) CPB ဗဟိုမော်ကွန်းတိုက်ရှိ ကိုးကားစာတမ်းများ

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေတယ်
Web: http://www.cpburma.org Email: swptbn@yahoo.com